မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၄၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၈ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအလေ့အကျင့်များနှင့် နှစ်ပေါင်းများစွာ ကွာဝေးခဲ့သည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို အတင်းအကျပ်၊ ဖိအားပေးဆောင်ရွက်ခြင်းများဖြင့် လုပ်၍မရ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ယာဉ်ရပ်နားကွင်း၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားကို တက်ရောက်လာသည့် မြို့နယ်အသီးသီးမှသမဝါယမအသင်းသူအသင်းသား တောင်သူလယ်သမားကြီးများကို မိမိတို့ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ မိမိတို့အစိုးရတာဝန်ယူပြီးချိန်မှစတင်ကာ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ဆောင်ခဲ့ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရပါကြောင်း။

မိမိတို့အနေဖြင့် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍအားလုံးတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ရပါကြောင်း၊ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲရေး

စာမျက်နှာ ၈ ကော်လံ ၁ ❁

အောင်မြင်သောသမဝါယမစနစ်ထူထောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်မည်

စာ » ၇

နိုင်ငံရပ်ခြားရှိလေယာဉ်မောင်းသင်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားနေကြသော မြန်မာလူငယ်များ အခက်တွေ့နေကြရဟုဆို

စာ » ၁၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သွေးလွန်တုပ်ကွေးရောဂါသတိပြုစရာ

သွေးလွန်တုပ်ကွေးရောဂါသည် ယခင်ကလူနေထူထပ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းသည့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌သာ အဖြစ်များခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးအနှံ့ဖြစ်ပွားလာသည့်သဘောရှိပါသည်။ ထို့ကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနတာဝန်ရှိသူများက သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး စီမံချက်များချမှတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်ကို သတိပြုမိပါသည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် ခြင်နှိမ်နင်းရေးသည် အဓိကဖြစ်သည့်အလျောက် "ဖုံး၊ သွန်၊ လဲ၊ စစ်" ဟူသော ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ကြရေးနှိုးဆော်အသိပေးလျက်ရှိပါသည်။ ရေအိုးရေစည်များကို ဖုံးအုပ်ထားခြင်း၊ ပိုးလောက်လမ်းတွေ့သည့် ရေအိုးများကို သွန်လဲခြင်း၊ ပိုးလောက်လမ်းများကို ရေစစ်ဖြင့်စစ်ထုတ်ခြင်းစသော ကြိုတင်ကာကွယ်ရေးနည်းလမ်းများအသုံးပြုသွားကြရမည်ဖြစ်ပါသည်။ ခြင်များ ခိုအောင်းနေနိုင်သည့် နေအိမ်ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အိုးခွမ်းကွဲနှင့်အမှိုက်သရိုက်များကို ရှင်းလင်းခြင်းစသော သန့်ရှင်းမှုများလည်း ပြုလုပ်ကြရန် အရေးကြီးပါသည်။

သွေးလွန်တုပ်ကွေးနှိမ်နင်းရေးသည် ခြင်ခိုအောင်းတတ်သော ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ မိမိတို့နေအိမ်ပတ်ဝန်းကျင်၊ ရပ်ကွက်၊ လမ်းစသည်တို့၌ ခြင်ဆေးဖျန်းခြင်းစသော စီမံချက်များချမှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကိုက်ခံရခြင်းကြောင့်ဖြစ်ရာ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေးအတွက် ခြင်အကိုက်မခံရစေရန် သတိပြုကာကွယ်သင့်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ သဘောသည် အဖျားကျလိုက်တက်လိုက် သဘောရှိပါသည်။ အဖျားကျသွားချိန် အချို့သော မိဘများက ရောဂါပျောက်ကင်းသွားပြီဟုမှတ်ယူတတ်ကြပါသည်။ ဤသို့ဖြင့် ရောဂါနှင့် ဆေးကိုက်ညီမှုမရှိဘဲ ရက်ကြာလျှင်ကလေးအသက်အန္တရာယ်ရှိနိုင်ပါသည်။ အထူးသတိပြုသင့်သည်မှာ သွေးလွန်တုပ်ကွေးမှန်းသိလျက်နှင့်ဆေးမြီးတိုနှင့် မကုမိစေရန်လိုပါသည်။ သက်ဆိုင်ရာ ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ပြီးပျောက်ကင်းသည်အထိ ကုသမှုခံယူသင့်ပါသည်။

သွေးလွန်တုပ်ကွေးသည် အသက် ၁၀ နှစ်အောက်ကလေးများတွင် အဖြစ်များလေ့ရှိကြောင်း သိရပါသည်။ ယခုကဲ့သို့ ရာသီတွင် ခြင်ပေါက်ပွားမှုနှုန်းအားကောင်းခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်းလည်းအဖြစ်များတတ်ပါသည်။ သို့ပါ၍ ရောဂါဖြစ်ပွားမှုနည်းစေရန် ကာကွယ်ရေးနှင့်ကုသရေးအစီအမံများကို သတိပြုလိုက်နာဆောင်ရွက်သင့်ပါကြောင်း။ ။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ မန္တလေး၌ကျင်းပ

မန္တလေး ဇွန် ၇

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၅ ရက်နံနက် ၁၀နာရီကကျင်းပရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲတွင် ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။ ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ဆုရကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

အသိပေးကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၉၉/၁၀၃ရှိ မြန်မာ့စီးပွားရေးဘဏ်ပိုင်မြေနေရာတွင် Commercial Building အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ် ၂၀၃/၂၀၄ရှိ မြန်မာ့စီးပွားရေးဘဏ်ပိုင် မြေနေရာတွင် ဝန်ထမ်းအိမ်ရာတိုက်ခန်းများဆောက်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများထံမှ အဆိုပြုလွှာများပေးပို့နိုင်ပါရန် ၅-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ဖိတ်ခေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ အကြောင်းမညီညွတ်သေးပါသဖြင့် အဆိုပြုလွှာဖိတ်ခေါ်ခြင်းအား ရွှေ့ဆိုင်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ပြည်တွင်းသတင်း

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၇

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းစီမံကိန်းလွှဲပြောင်းခြင်းနှင့် စီမံကိန်းလွှဲပြောင်းခြင်းသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၄ ရက် ညနေ ၃ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hotel Royal ACE တွင် ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UNDP မှ Country Director Mr. Toily Kurbannov၊ PGMF ၏ president Mr. William Warshauer နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်းပြီး ၁၉၉၇ ခုနှစ်မှစ၍ မြို့နယ် ၁၁ မြို့နယ်တွင် ဆင်းရဲနွမ်းပါးသူများ သက်မွေးမှုဘဝမြင့်တင်ရေးအတွက် ရေရှည်တည်တံ့သော Microfinance လုပ်ငန်းစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆိုလျှင် မြို့နယ်ပေါင်း ၃၀၊ ကျေးရွာပေါင်း ၆၄၁၂ မှ အိမ်ထောင်စုပေါင်း ၃၉၂၆၂၄ တို့အား ချေးငွေဘီလျံ ၆၇ ဒသမ ၆၅၆ ထုတ်ချေးထားပြီး အသင်းသားများ၏ စုဆောင်းငွေမှာ ကျပ် ၁၇ ဒသမ ၄၄၅ ဘီလျံဖြစ်ကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် UNDP အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် လုပ်ငန်း၏ အကျိုးအမြတ်များကို နိုင်ငံတော်ပြင်ပသို့ ထုတ်ယူခွင့်မပြုရန် ၎င်းအရင်းအနှီးအကျိုးအမြတ်များသည် ပြည်သူအကျိုးဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအတွင်း၌သာ ထာဝရတည်ရှိရေးလုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ထည့်ဝင်ရန်ပုံငွေသုံးစွဲခြင်းအချိုးကို ၇၀ အချိုး ၃၀ ချေးငွေရန်ပုံငွေအတွက် အနည်းဆုံး ၇၀ ရာခိုင်နှုန်း၊ စီမံခန့်ခွဲမှုအတွက် အများဆုံး ၃၀ ရာခိုင်နှုန်း အချိုးထက်လျော့ကျခြင်းမရှိအောင် ဆောင်ရွက်ရန်ဆိုသည့် မူဝါဒ(၃)ရပ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းစတင်ဆောင်ရွက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ UNDP ထည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၂၇ ဒသမ ၇၁၈ ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း (In Kind)အနေဖြင့် ကျပ်သန်း ၅ ဒသမ ၈၄ ထည့်ဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် UNDP တို့ စီမံကိန်းလွှဲပြောင်းခြင်း (MOU) ရေးထိုးပြီး UNDP နှင့် PGMF တို့ Transfer Agreement ရေးထိုးမှာဖြစ်သည့်အတွက် စီမံကိန်းလွှဲပြောင်းလက်ခံသည့် PGMF အဖွဲ့အစည်းအနေနှင့် စည်းကမ်းနှင့်သဘောတူညီချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ UNDP မှ Country Director Mr. Toily Kurbannov ကနှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် အသေးစားငွေရေးဝန်ဆောင်မှုလုပ်ငန်းစီမံကိန်းလွှဲပြောင်းခြင်း နားလည်မှုစာချွန်လွှာ (MOU) ကို သမဝါယမဝန်ကြီးဌာနအသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေနှင့် UNDP မှ Country Director Mr. Toily Kurbannov တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ဆက်လက်၍ စီမံကိန်းလွှဲပြောင်းခြင်းသဘောတူစာချုပ် Transfer Agreement ကို UNDP မှ Country Director Mr. Toily Kurbannovနှင့် PGMF မှ Mr. William Warshauer တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် စီမံကိန်းနောက်ခံသမိုင်းကြောင်းနှင့် အကျိုးရလဒ်များ၊ စီမံကိန်းအပေါ် လေ့လာသုံးသပ်ခြင်းနှင့်စီမံကိန်း၏ အနာဂတ်အလားအလာများအကြောင်းဆွေးနွေးပြီး ညွှန်ကြားရေးမှူးချုပ်ဦးကျော်ငွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

အခြေခံစက်ချုပ်သင်တန်း(၁/၂၀၁၄)သင်တန်းဆင်း

တပ်ကုန်း ဇွန် ၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးသည့် အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၄)သင်တန်းဆင်းပွဲကို ဇွန် ၆ ရက်နံနက် ၉ နာရီက ကျင်းပသည်။

ဆုများချီးမြှင့်

သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်နှင့်ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တပ်ကုန်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

(လ/၀၃၆)

သုံးခွမြို့၌ မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ပေး

သုံးခွ ဇွန် ၇

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ၂၀၁၄ ခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သုံးခွမြို့နယ်ဘဏ်ခွဲက ဇွန် ၅ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ အောင်သာဒါန်းကျေးရွာ၊ သာဂရကျေးရွာ၊ ထွန်းစိန်ကျေးရွာအုပ်စု သုံးအုပ်စုမှတောင်သူ ၁၇၁ ဦးကတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၁၄၅၆ ဧကအတွက် ချေးငွေကျပ် ၁၄၅၆ သိန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်း ၆၅ အုပ်စုမှ တောင်သူများအတွက် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

အမည်ပြောင်း	အမက(၁)၊ ဗဟန်း စတုတ္ထတန်း(D)မှ ဦးမိုးလွင်ချစ်၏သား မောင်ဝင်းလက်ဝေအား မောင်ကောင်းစည်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းစည်သူ**

CLAIMS DAY NOTICE
M.V GRAND VEGA VOY:NO (37)

Consignees of cargo carried by M.V GRAND VEGA VOY: NO. (37) are here by notified that the vessel will arrive on about 10-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၃၉၁၊ ၂၃၀၁၇၈၊ ၂၃၀၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ကွန်ပျူတာတက္ကသိုလ်/နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားရန်အတွက် Master, BE(Q), M.Com, B.Com ဘွဲ့ရများ၏ အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများစာရင်းနှင့် လူတွေ့စစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် ၂၂-၂-၂၀၁၄ရက် နှင့် ၂၃-၂-၂၀၁၄ရက်များ၌ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် စာစစ်ဌာနများတွင် အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုခဲ့ကြသော Master, BE(Q), M.Com, B.Com ဘွဲ့ရများအနက် အောင်မြင်သူ ၇၆၃ ဦးစာရင်းကို သက်ဆိုင်ရာစာစစ်ဌာနများနှင့် နီးစပ်ရာကွန်ပျူတာတက္ကသိုလ်/ နည်းပညာတက္ကသိုလ်/ကောလိပ်/ သိပ္ပံနှင့်ကျောင်းများတွင် အောင်စာရင်းအား ကြေညာထားပြီးဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက်	-	၂၀၁၄ ခုနှစ် ဇွန် ၂၁ ရက် (စနေနေ့)
အချိန်	-	နံနက် ၀၉:၀၀ နာရီ
နေရာ	-	အထက်မြန်မာပြည်၊ မန္တလေးနည်းပညာတက္ကသိုလ် အောက်မြန်မာပြည်၊ ရန်ကုန်နည်းပညာတက္ကသိုလ်

၂။ လူတွေ့ဖြေဆိုမည့်သူများသည် မိမိဝင်ရောက်ဖြေဆိုခဲ့သည့်သက်ဆိုင်ရာစာစစ်ဌာနများသို့ ၂၁-၆-၂၀၁၄ ရက် နံနက် ၀၈:၀၀ အရောက် သတင်းပေးပို့ကြရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများလှူဒါန်း

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များနှင့်အတူ စေတီတော်မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ပြီး စေတီတော်ကြီးအား ဖူးမြော်သည်။

လက်မှတ်ရေးထိုး

ထို့နောက် စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စေတီတော်အထက်ပစ္စယံရှိ ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုပြီးနောက် စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၇

အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ဆောင်ရွက်သည်။**(အောက်ပုံ)**

အဆိုပါ အစည်းအဝေးတွင် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးမှ ချမှတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရာ၌ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအခြေအနေ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး စွမ်းဆောင်ရည်တိုးမြှင့်ရေးနှင့် အာဆီယံလုပ်ငန်းအဖွဲ့များ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းစဉ် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ဖော်ဆောင်ရေးအတွက် အာဆီယံဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်၊ အာဆီယံအဖွဲ့နှင့် ပြင်ပဆက်ဆံရေးရာ၊ အာဆီယံ +၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အရှေ့အာရှထိပ်သီး အစည်းအဝေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားချက်၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးရာဝန်ကြီးများ အစည်းအဝေး၊ (၁၅) ကြိမ်မြောက် အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေး၊ စတုတ္ထအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်နှင့် ၂၀၁၄ ခုနှစ်တွင်း၌ ကျင်းပမည့် အာဆီယံအစည်းအဝေးများ စီစဉ်ဆောင်ရွက်ထားချက်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ယနေ့အစည်းအဝေးသို့ အာဆီယံ (၁၀)နိုင်ငံမှအဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးဉာဏ်လင်းတို့ တက်ရောက်ကြသည်။

အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အာဆီယံ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံ-အမေရိကန် ဆွေးနွေးဘက် အစည်းအဝေးတို့ကို ဆီဒိုးနားဟိုတယ်၌ ဇွန် ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလတွင် နေပြည်တော်၌ကျင်းပသွားမည်ဖြစ်ကြောင်း၊ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံ+၃ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံတို့မှ ခေါင်းဆောင်များလည်း တက်ရောက်ရန်ရှိကြောင်း အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ပြောကြားသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဇေယျာရွှေမြေအသင်းမှာ ချေပဂိုးရရှိရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ရတနာပုံအသင်းက အမှားအယွင်းမရှိ ထိန်းကစားနိုင်ခဲ့သည်။

ရတနာပုံအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို မိနစ် ၇၀ တွင် ဒွေးကိုကိုချစ်က သွင်းယူပေးခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကစားသောပွဲတွင် ရန်ကုန်ယူနိုက်တက်က နေပြည်တော်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ သုဝဏ္ဏကွင်း၌မကွေးနှင့်ဆောက်သမ်းတို့ယှဉ်ပြိုင်ကစားရာ မကွေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အောင်ဆန်းကွင်း၌ GFA အသင်းနှင့်ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ချင်း - ကမ္ဘောဇ

(အောင်ဆန်းကွင်း)

ဇွဲကပင် - မနောမြေ

မိုးစပါး ချေးငွေများ စတင်ထုတ်ချေး

မြစ်ကြီးနား ဇွန် ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကချင်ပြည်နယ်ရှိ ဘဏ်ခွဲငါးဘဏ်မှ မြို့နယ်(၁၁)မြို့နယ်ရှိ ဒေသခံတောင်သူများ လက်ဝယ်သို့ ၂၀၁၄ ခုနှစ် မိုးစပါး ချေးငွေများ အချိန်မီရရှိရေးအတွက် ဇွန် ၆ ရက်မှ စတင်ကာ မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စတင်ထုတ်ချေးပေး လျက်ရှိသည်။

ကချင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မိုးစပါး ၁၉၉၂၈၅ ဧကအတွက် ထုတ်ချေးရန် လျာထားပြီး ချေးငွေများကို ဇူလိုင်လကုန် အပြီးထုတ်ချေးပေးသွားမည်ဟု သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

ဉာဏ်သစ်လောင်းဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ပြည်သူလူထုအများစုတွင် အဖြစ်များသော ခါးရိုး၊ ကြွက်သား နာကျင်မှုဆိုင်ရာ(Low Back Pain) ရောဂါများအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Mon to Thurs-5:30-7:00 pm 16 Jun
Mon to Thurs-1:00-3:00 pm 16, 30 Jun
Sat & Sun - 12:30-3:30 pm 21 Jun
Mon to Thurs-7:30-9:30 am 23 Jun
Mon to Thurs-10:00-12:00 am 23 Jun
Mon to Thurs-3:00-5:00 pm 23 Jun
Pre-Intermediate English
Mon to Thurs-5:00-7:00 pm 9 Jun
Sat & Sun - 12:30-3:30 pm 21 Jun
Mon to Thurs-7:30-9:30 am 23 Jun
Intermediate English
Mon to Thurs-1:00-3:00 pm 30 Jun
Grammar Foundation Course
Mon to Thurs - 7:30-9:30 am 16 Jun
Mon to Thurs - 3:30-5:30 pm 16 Jun
Basic Writing Course
Mon to Thurs - 10:00-12:00 am 2 Jun
Mon to Thurs - 3:00-5:00 pm 23 Jun
Structure & Written Expression
Mon to Thurs-10:00-12:00 am 9 Jun
Mon to Thurs-1:00-3:00 pm 23 Jun
Mon to Thurs-4:00-5:30 pm 23 Jun
TOEFL Mon to Thurs-5:30-7:00pm 7 Jul
IELTS, SAT, API, AWC, VEC
No.169, 2nd Flr, 28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၄၂၆၅၊ Toyota Master ace CR 21, M/B (4X2)® ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၁၂/ဥကမ (နိုင်)၁၅၂၇၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယဗိုလ်မှူးကြီးသန်းနိုင်(ယာယီနည်းဗျူဟာမှူး)+ဒေါ်စန္ဒာခင် တို့၏သား မောင်ပိုင်ထူးနိုင် ခုံအမှတ် ဆလတ-၃၆ ဖြင့် အ. ထ. က (၁) လမ်းမတော်မှ (၆-ဘာသာဂုဏ်ထူး) (ဘာသာစုံ ဂုဏ်ထူး) ဖြင့်လည်းကောင်း၊ ဗိုလ်ကြီးဇော်မြင့်ဝင်း(ငြိမ်း)(ရုံးအဖွဲ့မှူး-YCDC)+ဒေါ်ရတနာဝင်းတို့၏ သမီး မသက်မြတ်နိုးဇော် ခုံအမှတ် ဆဒဂ-၈၂၃ ဖြင့် ကောင်းစုံဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ (၅-ဘာသာဂုဏ်ထူး) ဖြင့်လည်းကောင်း အသီးသီးထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

တော(၁၇)မိသားစု

နိုင်ငံတကာသတင်း

ဒဏ်ခတ်စစ်ဆင်ရေး ချက်ချင်းရပ်တန့်ပေးရန် ရုရှားသမ္မတ ဗလာဒီမာပူတင် ယူကရိန်းကို တိုက်တွန်း

နော်မန်ဒီ ဇွန် ၇

ကိယက်ဗ်နှင့် ရုရှားလိုလားသည့်ဆန္ဒပြသူများအကြား ဆွေးနွေးပွဲများ ပြုလုပ်ရန် စီစဉ်နေချိန် ယူကရိန်းကလည်း နိုင်ငံအရှေ့ပိုင်း၌ ဒဏ်ခတ်စစ်ဆင်ရေးများ ဟန့်တားပေးရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းကို တိုက်တွန်းလိုက်သည်။

သမ္မတပူတင်သည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များ ကမ်းတက်တိုက်ခိုက်သည့်နေ့ (D-Day) နှစ် ၇၀ ပြည့် အမှတ်တရ အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် ပြင်သစ်နိုင်ငံ နော်မန်ဒီမြို့သို့ ရောက်ရှိစဉ် သောကြာနေ့ သတင်းစာရှင်းလင်းပွဲ၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ "ယူကရိန်းအာဏာပိုင်တွေအနေနဲ့ ချစ်ကြည်ရင်းနှီးမှုကို ပြသသင့်တယ်လို့ကျွန်တော်ထင်ပါတယ်။ စစ်ဆင်ရေးကို ချက်ချင်းရပ်သင့်ပါတယ်။အပစ်အခတ် ရပ်စဲရေးကြေညာသင့်ပါတယ်" ဟု ရုရှားသမ္မတက ပြောသည်။

"ယူကရိန်းအရှေ့ပိုင်း၌ ကိယက်ဗ်နဲ့ ရုရှားလိုလားသူ တက်ကြွလှုပ်ရှားသူများအကြား အမြန်ဆုံးစေ့စပ်ဆွေးနွေးမှု ပြုလုပ်သင့်တယ်လို့ထင်ပါတယ်"ဟု လည်း ၎င်းက ပြောသည်။ ရွေးကောက်တင်မြှောက်ခံရသည့် ယူကရိန်းသမ္မတ ပီထရိုပိုရိုချန်ကို သမ္မတ ဖြစ်လာမှုကို ကြိုဆိုကြောင်း၊ ယင်းအနေဖြင့် သွေးထွက်သံယိုမှုများကို ချက်ချင်းရပ်တန့်သင့်ကြောင်းဖြင့်လည်း ရုရှားသမ္မတက ပြောသည်။ **ပရက်စ်တီဗွီ**

ပိုရိုချန်ကို ယူကရိန်းသမ္မတ ကျမ်းသစ္စာကျိန်ဆို

ကိယက်ဗ် ဇွန် ၇

ယူကရိန်းအရှေ့ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်ရန် မျှော်လင့်ထားချိန် ပီထရိုပိုရိုချန်ကိုသည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အသက် ၄၈ နှစ်ရှိ ချော့ကလက်သူဌေးကြီးပိုရိုချန်ကိုအား မေ ၂၅ ရက် ရွေးကောက်

ပွဲအနိုင်ရပြီးနောက်အနောက်နိုင်ငံ ခေါင်းဆောင်များက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။

သောကြာနေ့က ၎င်းသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းမှာ ခရိုင်းမီးယားကို ရုရှားက တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ယူကရိန်းအရှေ့ပိုင်း၌ မော်စကိုက ခွဲထွက်ရေးသူပုန်များအား ထောက်ခံနေကြောင်း ကိယက်ဗ်က စွပ်စွဲပြောကြားလိုက်သည်။ သို့သော် ရုရှားအစိုးရက ငြင်းဆိုထားသည်။

မစ္စတာ ပိုရိုချန်ကိုသည် မြို့တော်ကိယက်ဗ်ပါလီမန်၌ အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်အပါအဝင် ဂုဏ်သရေရှိနိုင်ငံခြားဧည့်သည်များ တက်ရောက်သည့် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခဲ့သည်။ ရုရှားကယင်းအခမ်းအနားသို့ ၎င်းသံအမတ်ကြီး ကိုယ်စားပြုတက်ရောက်မည်ဖြစ်သည်။ မစ္စတာ ပိုရိုချန်ကိုသည် ရှိဆင်ချော့ကလက်ကုမ္ပဏီအုပ်စု၏ ပိုင်ရှင်ဖြစ်သည်။လက်ရှိအကျပ်အတည်းကို အဆုံးသတ်ရန် ၎င်းအနေဖြင့် အစီအစဉ်များ ချပြဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။ **ဘီဘီစီ**

တောင်တရုတ်ပင်လယ်အတွင်းနစ်မြုပ်ခဲ့သော ရေလုပ်သား ၁၄ ဦးကို ကယ်တင်နိုင်ခဲ့

ပေကျင်း ဇွန် ၇

တောင်တရုတ်ပင်လယ်အတွင်း ပျောက်ဆုံးနေသော ရေလုပ်သား ၁၄ ဦးကို တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ (စီစီဂျီ) က ကယ်တင်နိုင်ခဲ့ကြောင်း စီစီဂျီဌာနချုပ်က ဇွန် ၇ရက်တွင် ပြောကြားခဲ့သည်။

Qiongyangpu-13073 ငါးဖမ်းသင်္ဘောသည် သင်္ဘောအမှုထမ်း ၁၄ ဦးဖြင့် နန်ရှာကျွန်းစုမှ ကျီရှာကျွန်းစုသို့ သွားရာလမ်းကြောင်းတွင်အဆက်အသွယ်များပြုလုပ်နေစဉ် ရာသီဥတုဆိုးရွားခြင်းနှင့်ကြီးမားသော လှိုင်းလုံးများရိုက်ခတ်ခြင်းကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ စီစီဂျီသင်္ဘောများ၊ရဟတ်ယာဉ်များဖြင့် ၎င်းတို့နစ်မြုပ်ခဲ့သောနေရာအနီးတစ်ဝိုက်ကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ရာ ၎င်းတို့အားလုံးကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ကြောင်း၊ ၎င်းတို့ကို ဆေးကုသမှုများပြုလုပ်ရန် ဟိုင်နန်ပြည်နယ် စန်ယာမြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဆန္ဒပြလူထုအား လက်ချောင်းသုံးချောင်း ထောင်မပြရန် တောင်းဆို

ဗန်ကောက် ဇွန် ၇

ထိုင်းတပ်မတော်ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက မာရှယ်လောဥပဒေကို ဆန့်ကျင်သော လက္ခဏာအဖြစ် လက်ချောင်း သုံးချောင်း ထောင်ပြခြင်းမပြုလုပ်ရန် ဆန္ဒပြသူများအား တောင်းဆိုလိုက်သည်။

ကြားဖြတ်အစိုးရကို မေ ၂၂ ရက်က ဖြုတ်ချခဲ့ရာတွင် ဦးဆောင်သည့် ဗိုလ်ချုပ်ကြီး ပရာယွတ်က သောကြာနေ့ ရေဒီယိုနှင့် ရုပ်မြင်သံကြားမိန့်ခွန်းတွင် ဆန္ဒပြသူများအား လက်ချောင်း သုံးချောင်း ထောင်ပြခြင်းမပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

ကမ္ဘာ့ဖလားဖွင့်ပွဲကျင်းပမည့် ဆော်ပေါလို၌ ဆန္ဒပြမှုများ ဖြစ်ပွားနေဆဲ

ဆော်ပေါလို ဇွန် ၇

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ကမ္ဘာ့ဖလားမကျင်းပမီ မီးရထားအလုပ်သမားများ ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိရာ ဘရာဇီးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြုဖြိုခွင်းခဲ့သည်။

ယင်းဆန္ဒပြပွဲများကြောင့် ရထားဘူတာတစ်ဝက်နီးပါး ပိတ်ထားရသည်ဟု ဆိုသည်။ ၎င်းမြို့သည် ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး လာမည့်ကြာသပတေးနေ့တွင် ကမ္ဘာ့ဖလားဖွင့်ပွဲကျင်းပမည့် မြို့ဖြစ်သည်။ အလုပ်သမားများက အနည်းဆုံး၁၀ ရာခိုင်နှုန်းတိုးမြှင့်ပေးရန် တောင်းဆိုထားသည်။

စေ့စပ်ဆွေးနွေးမှုများ မအောင်မြင်လျှင် ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ဆိုသည်။

ဆော်ပေါလိုမြို့ မြေအောက်ရထားဘူတာရုံ သုံးပုံတစ်ပုံသည် သောကြာနေ့ နံနက်ပိုင်းက ပိတ်လိုက်သည်။ ယင်းကဲ့သို့ ပိတ်လိုက်သဖြင့် ယာဉ်ကြောပိတ်ဆို့မှု အရှည်မိုင်ပေါင်း ၁၂၅ မိုင်အထိ ရှိခဲ့သည်။ ကမ္ဘာ့ဖလားဘောလုံးပွဲကို ဇွန် ၁၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အဖွင့်ပွဲတွင် အိမ်ရှင်ဘရာဇီးနှင့် ခရိုအေးရှားတို့ ကစားမည်ဖြစ်သည်။ **ဘီဘီစီ**

အာဖဂန်နစ္စတန်မြောက်ပိုင်း မိုးသည်းထန်စွာရွာသွန်း ရေလွှမ်းမှုဖြစ်ပွား လူ၁၀၀ထက်မနည်းသေဆုံး

အာဖဂန်နစ္စတန် ဇွန် ၇

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဂါဇာဂါနောခရိုင်၌ သောကြာနေ့ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒဏ်ရာရရှိသူ ၁၀၀ ခန့်၊သေဆုံးသူ ၁၀၀ထက်မနည်း ရှိခဲ့ကြောင်း၊ ထို့ပြင် အိမ်များစွာရေစီးနောက်မျောပါသွားခဲ့ကြောင်း ဂါဇာခရိုင်အုပ်ချုပ်ရေးမှူးက ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။

လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးများကျခြင်းတို့ကြောင့် ခရိုင်အတွင်း ကြီးမားသောရေဘေးဒဏ်ကို နာရီပိုင်းအတွင်း အပြင်းအထန်ခံစားခဲ့ရသည်ဟု ၎င်းကသတင်းထောက်များကို ပြောကြားခဲ့သည်။

ထပ်လောင်းပြောကြား

အိမ်များစွာရေစီးဖြင့်မျောပါသွားပြီး အခြားရာပေါင်းများစွာသော အိမ်များလည်းပျက်စီးခဲ့ရကြောင်း၊ ခရိုင်အတွင်းရှိ လမ်းများအားလုံး ဆိုးဆိုးရွားရွားပျက်စီးခဲ့ကြောင်း၊ ကြီးမားသော ရေလွှမ်းမှုကြောင့် အိုးအိမ်များပျက်စီးခဲ့ရပြီး အသက်ရှင်ကျန်ရစ်ကာ လဟာပြင်တွင်နေထိုင်နေရသူများသည် အကူအညီ၊ အထောက်အပံ့များ လိုအပ်နေကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ရာပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများသည် ယခုဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ၎င်းတို့၏နေအိမ်များဆုံးရှုံးခဲ့ရသည်။ **ဆင်ဟွာ**

World Bank နှင့် IFC တို့မှ ထုတ်ပြန်ထားသော Doing Business 2014 Myanmar ဖော်ပြချက်အပေါ် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် လွယ်ကူမှုအဆင့် (Ease of Doing Business Ranking) တိုးတက်ရန်အတွက် ဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ထုတ်ပြန်ကြေညာခြင်း

စဉ်	ဆောင်ရွက်သည့်ဌာန	Doing Business 2014 ဖော်ပြချက်	အဆင့်	ဆောင်ရွက်ပြီးစီးမှု အခြေအနေ	အကြောင်းအရာ
၁	[illegible]	[illegible] Starting a Business (rank)	၁၈၉		
		(က) [illegible] Procedure (number)	၁၁	၉	[illegible]
		(ခ) [illegible] Time (days)	၇၂	၇	[illegible]
		(ဂ) [illegible] Cost (% of income per capital)	၁၇၆%	၁၅%	[illegible]
		(ဃ) [illegible] Paid-in Min.Capital (% of income per capital)	၇၁၀၆ %	<၁%	[illegible]
၂	[illegible]	[illegible] Dealing with Construction Permits (rank)	၁၅၀		[illegible]
		(က) [illegible] Procedure (number)	၁၆	၇	
		(ခ) [illegible] Time (days)	၁၅၉	[illegible]	[illegible]
		(ဂ) [illegible] Cost (% of income per capital)	[illegible]		[illegible]
၃	[illegible]	[illegible] Getting Electricity (rank)	၁၂၆		
		(က) [illegible] Procedure (number)	၆	၆	
		(ခ) [illegible] Time (days)	၉၁	[illegible]	[illegible]
		(ဂ) [illegible] Cost (% of income per capital)	[illegible]		
၄	[illegible]	[illegible] Trading Across Border (rank)	၁၁၃		
		ပို့ကုန် (က) [illegible] Documents to export (number)	၈	[illegible]	Shiping Instruction [illegible]
		(ခ) [illegible] Time to export (days)	၂၅	၁၀	[illegible] FDA [illegible]
		(ဂ) ကုန်ကျစရိတ် Cost to export (US$ per container)	၆၇၀	-	[illegible]
		သွင်းကုန် (က) [illegible] Documents to import (number)	၈	[illegible]	Cargo Release [illegible]
		(ခ) [illegible] Time to export (days)	၂၇	၁၀	[illegible] FDA [illegible]
		(ဂ) ကုန်ကျစရိတ် Cost to export (US$ per container)	၆၆၀	-	[illegible]

ကမ္ဘာ့ဖလား အုပ်စု(ဂ)မှ ကစားသမားစာရင်း (သီဟ)

အုပ်စု (ဂ)

ကိုလံဘီယာ (ကမ္ဘာ့အဆင့်-၅)၊ ဂရိ(ကမ္ဘာ့အဆင့်-၁၀)၊
အိုင်ဗရီကို့စ် (ကမ္ဘာ့ အဆင့်-၂၁)၊ ဂျပန် (ကမ္ဘာ့အဆင့်-၄၇)

၁။ ကိုလံဘီယာ (ကမ္ဘာ့အဆင့်-၅)

နည်းပြ - ပီကာမင်(အာဂျင်တီးနား)
ဂိုး - အော့စ်ပီနာ(နိုက်စ်)၊ မွန်ဒရာဂွန်(ဒီပို့တီဗို)၊ ဗာဂတ်စ်(ဆန်တာဖီ)
နောက်တန်း - ယီပက်စ်(အတ္တလန်တာ)၊ ဇာပါတာ(အေစီမီလန်)၊ကာလို့စ် ဗဲလ်ဒက်(လိုရန်ဇို)၊ ဘယ်လန်တာ(ရေးဗားပလိတ်)၊ အာရီ အက်စ် (ပီအက်စ်ဗွီ)၊ ဇူနီဂါ(နာပိုလီ)၊ အာမီရို(ဝက်စ်ဟမ်း)
အလယ်တန်း - ကားလို့စ်ဆန်ချက်ဇ်(အယ်လ်ချီ)၊ ဖရီဒီဂွာရင်(အင်တာမီလန်)၊ အဂူလာ(တူးလော့စ်)၊ ရာမီရက်ဇ်(မိုရယ်လီယာ)၊ ကွင်တီရို (ပေါ်တို)၊ ဗစ်တာအီဘာဘို(ကက်ဂလီယာရီ)၊ ရိုဒရီဂွက်ဇ် (မိုနာကို)၊ ကူဒရာဒို(ဖီအိုရင်တီးနား)၊ မီဂျေး (အက်သလက် တီကိုနေစီအိုနယ်)
ရှေ့တန်း - မာတီနက်ဇ်(ပေါ်တို)၊ ကာလို့စ်ဗက်ကာ(ဆီဗီလာ)၊ အက်ဒရီ ယန်ရာမို့စ်(ဟာသာဘာလင်)၊ ဂူတီအာရက်ဇ် (ရေးဗားပလိတ်)

၂။ ဂရိ (ကမ္ဘာ့အဆင့်-၁၀)

နည်းပြ - ဖာနန်ဒိုဆန်းတို့စ်(ပေါ်တူဂီ)
ဂိုး - ကာနီဇစ်(ဂရန်နာဒါ)၊ ဂလိုင်ကို့စ်(PAOK)
နောက်တန်း - မာနိုလက်စ်(အိုလံပီယာကို့စ်)၊ ဟိုလီဗက်စ်(အိုလံပီယာကို့စ်)၊ ပါပါစတာသိုပူးလော့စ်(ဒေါ့မွန်)၊ မိုယက်စ်(ဗီရိုနာ)၊ တီဇာ ဗယ်လက်စ် (PAOK)၊ ဗင်ထရာ(လီဗန်တေး)၊ တိုရိုဆီဒစ် (ရိုးမား)
အလယ်တန်း - တီဇီအိုလစ်(ကေစီရီစပေါ်)၊ ဆမ်မာရီစ်(အိုလံပီယာကို့စ်)၊ မန်နီယာတစ်(အိုလံပီယာကို့စ်)၊ ကက်ဆိုရာနစ်(PAOK)၊ ကာရာဂူးနစ်(ဖူလ်ဟမ်)၊ တက်စီဒစ်(တိုရီနို)၊ ဖက်ဖတ် ဇီဒစ်(ဂျီနိုအာ)၊ ခရက်စ်တိုဒိုလိုပူးလော့စ် (ဘိုလော့ဂ်နာ)၊ ကိုနီ(ဘိုလော့ဂ်နာ)
ရှေ့တန်း - ဆဲလ်ပင်ဂီဒစ်(PAOK)၊ ဆမ်မာရက်စ်(ဆဲလ်တစ်)၊ မီထရိုဂလူး (ဖူလ်ဟမ်)၊ ဖန်နစ်ဂျီးကပ်စ်(ကွန်ရာစပေါ်)

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ | **ဇွန် ၉**

ထရီနီဒက်	-	အီရန်	နံနက် ၀၀း၃၀
ဆမ်မာရီနို	-	အယ်လ်ဘေးနီးယား	နံနက် ၁း၀၀
ပြင်သစ်	-	ဂျမေကာ	နံနက် ၁း၃၀

ဂျိုကိုဗစ် ဗိုလ်လုရမည်

ပြင်သစ်အိုးပင်းတင်းနစ် အကြိုဗိုလ်လုပွဲတွင် ဂျိုကိုဗစ်က အာနက်စ် ဂူလ်ဘစ်အား အနိုင်ရပြီး ဗိုလ်လုပွဲတက်သွားသည်။ ဆားဗီးယားတင်းနစ်အကျော် ဂျိုကိုဗစ်သည် ၆-၃၊ ၆-၃၊ ၃-၆၊ ၆-၃၊ ဖြင့် နိုင်ပြီး ဗိုလ်လုပွဲတက်လာသည်။ ဂျိုကိုဗစ်နှင့် ရှစ်ကြိမ်ချန်ပီယံရာဖေးလ်နာဒယ် သို့မဟုတ် အင်ဒီမာရေးတို့ တနင်္ဂနွေနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။ ဂျိုကိုဗစ်သည် ပြင်သစ်ဂရင်းဆလမ် ဖလားကို ဆွတ်ခူးနိုင်သည့် ရှစ်ဦးမြောက် ကစားသမားဖြစ်လာရန် ကြိုးစားမည်ဟု ဆိုသည်။ ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်းဖလားကို ပထမဆုံး ဆွတ်ခူးရန် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည်။

ကမ္ဘာ့ဖလား ရစ်ဘာရီလွဲချော်

ပြင်သစ်တိုက်စစ်မှူး ဖရန့်ခ်ရစ်ဘာရီသည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့် လွဲချော်မည်ဖြစ်ကြောင်း နည်းပြဒက်ချန့်စ်က ပြောကြားလိုက်သည်။ အသက် ၃၁ နှစ်ရှိ ဘိုင်ယန်မြူးနစ်ကစားသမား ရစ်ဘာရီသည် သောကြာနေ့ လေ့ကျင့်မှုပြုလုပ်စဉ် ကျောဒဏ်ရာရရှိသွားခြင်းဖြစ်သည်။ ၎င်းသည် သီတင်းပတ်အတန်ကြာသည့်တိုင်အောင် ပြန်ကစားနိုင်မည့် အခြေအနေမရှိကြောင်း နည်းပြက ပြောသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင်အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အသိအမှတ်ပြုသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူး၍ MYANMAR HOSPITALITY PROFESSIONALS ASSOCIATION ၏ Professional များမှ ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင့် အထောက်အကူပြု သင်တန်းအမှတ်စဉ် (၈)ကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမျိုးအစား - (၁) Front Office Operation Course
(၂) Housekeeping Operation Course
(၃) Food & Beverages Service Course
(၄) Food & Beverages Production Course (Asia, Europe)
(၅) Basic Bartending Course

သင်တန်းကာလ - ၁၆-၆-၂၀၁၄ရက်မှ ၂၅-၇-၂၀၁၄ရက်အထိ (စုစုပေါင်း ရက်သတ္တခြောက်ပတ်)
သင်တန်းအချိန် - တနင်္လာနေ့မှ သောကြာနေ့အထိ (စုစုပေါင်းနာရီပေါင်း ၁၂၀)
သင်တန်းသားဦးရေ - တစ်ဘာသာလျှင် သင်တန်းသား ၃၀ဦး (လူဦးရေကန့်သတ်ချက်ရှိပါသည်)
သင်တန်းဖွင့်လှစ်မည့်နေရာ - MHPA သင်တန်းကျောင်း အမှတ် (၄၀၊ ၄၂)၊ လေးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း (အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်လျက်ရှိသော ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် စိတ်ပါဝင်စားသူလူငယ်များအတွက် အထောက်အကူဖြစ်စေသော သင်တန်းဖြစ်ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ပေးအပ်၍ သင်တန်းဆင်းအောင်လက်မှတ်ရရှိနိုင်သော အခွင့်အလမ်းတစ်ခုဖြစ်ပြီး သင်တန်းတွင်ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဟိုတယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာများကို MHPA သင်တန်းကျောင်းအမှတ် (၄၀/၄၂)၊ ဗိုလ်ဆွန်ပက်လမ်း (အောက်ဘလောက်)ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တင်သွင်းနိုင်ပါသည်။

ဖုန်း-၀၉-၃၁၅၄၄၆၀၃(ဟိုတယ်ဝန်ထမ်းများ သင်တန်းတက်ရောက်လိုပါက သက်ဆိုင်ရာ ဟိုတယ်အကြီးအကဲထံမှ ထောက်ခံစာပါရှိရန် လိုပါသည်။)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လိုက်ဖက်ဆီလျော်စွာ ၃

မောင်ခင်မင်(ဓနုဖြူ)

"စကားဆက်ကြဦးစို့။ ကိုယ်ပြောနေတဲ့သူနဲ့ ပတ်သက်ပြီး ထားတဲ့ သဘောထားကွာရင် အသုံးအနှုန်းလည်းကွာသွားတာကို သာဓကတစ်ခု သတိရလို့ပါ"

"ပြောပြပါဆရာ"

"လူတစ်ယောက်ကို ထမင်းကျွေးတယ်ဆိုပါစို့။ 'သုံးဆောင်ပါ'လို့ ပြောရင်တော့ အဲဒီပုဂ္ဂိုလ်ကို လေးစားတဲ့သဘောထားပေါ့။ 'စားပါ'လို့ ပြောရင်တော့ အဲဒီလူကို ပုံမှန်သဘောနဲ့ ပြောတာပေါ့။ 'ကြိတ်လိုက်စမ်းပေ့ါ'လို့ ပြောရင်တော့ အဲဒီလူနဲ့ ရင်းနှီးတဲ့သဘောမဟုတ်လား။ အဲ. . . 'မျိုဟဲ့ ဆို့ဟဲ့' လို့ ပြောရင်တော့ ဘယ်လိုသဘောထားမျိုးဖြစ်မလဲကွယ်"

"အဲဒီလူကို မကျေမနပ်ဖြစ်နေတာမဟုတ်လားဆရာ။ စိတ်ဆိုးနေတာ လည်း ဖြစ်နိုင်ပါတယ်"။

"အေး. . . မကျေမနပ်နဲ့ စိတ်ဆိုးပြီး မသဒ္ဓါရေစာ ကျွေးရင်းပြောတဲ့ စကားပေါ့ကွယ်။ ဒီတော့ စားခိုင်းတဲ့ အဓိပ္ပာယ်ချင်းအတူတူ သဘောထားကွာ ရင် အသုံးအနှုန်းလည်း ကွာတတ်တာပေါ့ကွယ်"

"စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ။ မှတ်ထားပါ့မယ်"

"ခုဆိုရင် မြန်မာလိုအသံလွှင့်တဲ့ ရေဒီယိုအသံလွှင့်အစီအစဉ်တွေ တော်တော်များတယ် မဟုတ်လား။ အသံလွှင့်ကြေညာတဲ့ မိန်းကလေးတွေက သောတရှင်တွေကို တိုက်ရိုက်ပြောပုံနှစ်မျိုးကို သတိထားမိတယ်"

"ပြောပြပါဆရာ"

"အစီအစဉ်တစ်ခုက 'သောတရှင်များရှင်၊ အခုသောတရှင်များ နားဆင်ရမယ့် သီချင်းကတော့' ဆိုတာမျိုးပြောတယ်။ နောက်အစီအစဉ်တစ်ခုကတော့ 'သောတရှင် တို့ရေ၊ သောတရှင် ချစ်ပရိသတ်ကြီးအတွက် သမီးရွေးချယ်ထားတဲ့သီချင်းကလေးကတော့' ဆိုတာမျိုးပြောတယ်။ သားတို့ သမီးတို့ သတိထားမိမှာပေါ့"

"သတိထားမိပါတယ် ဆရာ"

"ဒါလည်း ပြောသူရဲ့ သဘောထားကိုလိုက်ပြီး အသုံးအနှုန်းကွာတဲ့ သာဓကပဲ။ 'သောတရှင်များရှင်' လို့ပြောတာက ပရိသတ်ကို အလုပ်သဘော ပုံစံကျ ရိုရိုသေသေ သဘောထားတာပေါ့။ 'သောတရှင်တို့ရေ' လို့ ပြောတာက သောတရှင်တွေကို ခင်မင်ရင်းနှီးတဲ့သဘောထားပေါ့ကွယ်။ ဒီတော့ ပြောပုံချင်းကွာတာပေါ့။ နှစ်မျိုးစလုံး နားထောင်လို့ကောင်းတာချည်းပါပဲလေ"

"ဟုတ်ကဲ့"

"ပြီးတော့ မလိုက်ဖက် မဆီလျော်လို့ ရှောင်ရတဲ့ အသုံးအနှုန်းတွေလည်း ရှိသေးတယ်ကွဲ့"

"ဘယ်လိုအသုံးအနှုန်းတွေပါလဲဆရာ"

"အထူးသဖြင့်တော့ ပြင်းထန်တဲ့ခံစားမှုတွေ ရိုက်ခတ်နေတတ်တဲ့ အသုံးအနှုန်းတွေပေါ့ကွယ်"

"ရှင်းပြပါဦးဆရာ"

"ဘေးအန္တရာယ်တို့၊ ယုံကြည်ကိုးကွယ်မှုတို့၊ ရှက်စရာကောင်းတဲ့သဘာဝကိစ္စတို့၊ ပြီးတော့ ရက်စက်ရာကျတဲ့ဆက်ဆံရေးတို့၊ အဲဒီလိုအကြောင်းအရာတွေကိုရည်ညွှန်းတဲ့စကားလုံးတွေမှာ ပြင်းထန်တဲ့ ခံစားမှုတွေ ထင်ဟပ်နေတတ်တယ်။ အဲဒါကြောင့်အဲဒီလိုစကားလုံးတွေကို ပြောဖို့လည်း ဝန်လေးတတ်ကြတယ်။ နားထောင်ဖို့လည်းဝန်လေးတတ်ကြတယ်"

"ဆရာပြောတာ သမီးနားမလည်လို့ ရှင်းပြပါဆရာ"

"ဟုတ်ပါတယ်ဆရာ"

"ဒီလိုလေ ကဲ. . . မပြောကောင်းမဆိုကောင်း သမီးမိတ်ဆွေတစ်ယောက်ကို မြွေကိုက်သွားတယ်ဆိုပါစို့၊ အဲဒီအကြောင်းကိုပြောရင် 'ကျွန်မသူငယ်ချင်းကို မြွေကိုက်သွားတယ်'လို့ တိုက်ရိုက်ကြီးပြောမလား"

"ဟာ. . မပြောပါဘူး ဆရာ၊ ကြောက်စရာကြီး"

"ဒီလိုဆို သမီးဘယ်လိုပြောမလဲ"

"သူငယ်ချင်းကို ပိုးထိသွားတယ်လို့ ပြောတာပိုသင့်လျော်မယ်ထင်ပါတယ် ဆရာ"

> "ခုပြောတဲ့အသုံးအနှုန်းတွေက ကြမ်းတဲ့ ရိုင်းတဲ့ ခံစားမှုအငွေ့အသက်ပါတဲ့ စကားတွေကို ရှောင်ပြီး သိမ်သိမ်မွေ့မွေ့ သုံးတဲ့အသုံးအနှုန်းတွေ မဟုတ်လား။ အဓိကအချက်ကတော့ ဆရာဆွေးနွေးခဲ့သလို အခြေအနေနဲ့ လိုက်ဖက်ဆီလျော်ဖို့ လိုတာပါပဲကွယ်"

"အေး. . . မြွေကိုက်တယ်လို့ပြောရင် ခုပဲမြွေလာကိုက်တော့မလိုခံစားရတတ်တယ်လေ။ 'ပိုးထိတယ်'လို့ပြောတော့ သိပ်မပြင်းထန်တော့ဘူးပေါ့၊ ဒါကြောင့် 'မြွေကိုက်တယ်' ဆိုတဲ့စကားကိုရှောင်ပြီး 'ပိုးထိတယ်'လို့ သုံးတတ်ကြတာပေါ့ကွယ်"

"ခုန ဆရာပြောတဲ့အထဲမှာ ယုံကြည်ကိုးကွယ်မှုနဲ့ဆိုင်တဲ့စကားမျိုးကိုလည်း မပြင်းထန်အောင် ရှောင်သုံးတယ်ဆိုတာ ကျွန်တော်မှတ်လိုက်ရပါတယ်၊ ဘယ်လိုအသုံးမျိုးပါလဲဆရာ"

"ဒါဆို. . ဆရာမေးမယ်၊ 'တရုတ်အမဲ'ဆိုတာ ဘာကိုခေါ်တာလဲကွယ်"

"ဩော်. . တရုတ်အမဲဆိုတာ ဝက်သားကိုခေါ်တာမဟုတ်လား ဆရာ"

"ဘာဖြစ်လို့ ဝက်သားကိုဝက်သားလို့ တိုက်ရိုက်မခေါ်ဘဲ၊ တချို့က တရုတ်အမဲလို့ခေါ်တာလဲကွယ်"

"သမီးကြားဖူးတာတော့ ဝက်သားမစားတဲ့နတ်က မကြိုက်မှာစိုးလို့ အဲဒီနတ်ကို ကိုးကွယ်တဲ့လူတွေက ရှောင်ပြီးခေါ်တဲ့စကားလို့ ကြားဖူးပါတယ်ဆရာ"

"အင်း. . နတ်မကြိုက်တာလုပ်မိရင် နတ်ကအန္တရာယ်ပေးမှာစိုးလို့ ရှောင်သုံးတာလို့ ဆရာလည်းကြားဖူးပါတယ်"

"စိတ်ဝင်စားစရာကောင်းပါတယ်ဆရာ"

"ပြီးတော့ ရှက်စရာကောင်းတဲ့သဘာဝကိစ္စကို တိုက်ရိုက်ပြောရင်ရိုင်းရာကျတယ်လေ။ ဆိုပါတော့ 'အလေးအပေ့ါစွန့်တယ်'ဆိုတာ ဘာကိုဆိုလိုတယ်ဆိုတာ သားတို့သိပါတယ်။ အဲဒီကိစ္စတွေကိုပြောချင်ရင် အရင်တုန်းက 'အခင်းလေးစွန့်တယ်'၊ 'အခင်းကြီးသွားတယ်' ဆိုတာမျိုးသုံးတယ်။ ခုခေတ်မှာတော့ 'ထောင့်ခန်းသွားမယ်'၊ 'တွိုင်းလက်သွားမလို့'၊ 'အောက်သွားမလို့' ဆိုတာမျိုးတွေသုံးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

" မရိုင်းအောင် ရိုင်းတဲ့စကားလုံးကိုရှောင်ပြီး လှည့်သုံးတာပေါ့ကွယ်။ နောက်ရှိသေးတယ်။ စိတ်မကောင်းတဲ့သူကို 'ရူးနေတယ်'လို့ပြောရင် မညှာတာရာကျတာပေါ့၊ ဒီတော့ ဘယ်လိုပြောကြသလဲ"

"စိတ်ဝေဒနာခံစားနေရတယ်။ စိတ်ရောဂါစွဲကပ်နေတယ်ဆိုတာမျိုး ပြောပါတယ်"

"ဒီလိုပဲ ကိုယ်မကောင်းတဲ့သူကိုလဲ 'ဒီလူက နူနေတယ်' 'အနူကြီးဗျ' လို့ပြောရင် အင်မတန်ရိုင်းတာပေါ့၊ မညှာတာရာကျတာပေါ့၊ ဒီတော့ ကိုယ်မကောင်းဘူးတို့၊ ကိုယ်ရေပြားရောဂါရှိတယ်တို့၊ ကိုယ်ပျက်နေတယ်တို့ဆိုတာမျိုး ပြောတယ်မဟုတ်လားကွယ်"

"ဟုတ်ပါတယ်ဆရာ"

" ပြီးတော့ သတ်တယ်ဆိုတဲ့စကားဟာလည်း ရက်စက်ရာကျတာမို့ တိုက်ရိုက်သုံးလေ့မရှိကြဘူး။ ကဲ . . မေးရဦးမယ်။ သမီးတို့ 'ခြင်ရိုက်တယ်' လို့ပြောတာ တကယ်တော့ ဘာလုပ်တာလဲကွယ်"

"ဩော် . . ခြင်ကိုသတ်တာပါဆရာ"

"အေး. . . ဒါပေမယ့် 'ခြင်သတ်တယ်'လို့ တိုက်ရိုက်ပြောလေ့မရှိကြဘူး၊ ခြင်ရိုက်တယ်ဆိုတော့ သတ်တာလောက်မရက်စက်ဘူးပေ့ါ။ အဲဒီလိုပဲ 'ဝက်ပေါ်တယ်'တို့ 'အမဲပေါ်တယ်'တို့၊ 'ဖားရိုက်တယ်'တို့ဆိုတာတွေဟာလည်း 'သတ်တယ်'စကားကို ရှောင်သုံးတာတွေပါ"

" ဟုတ်တယ်နော်ဆရာ"

"ပြီးတော့ ကြက်ငှက်တုပ်ကွေးဖြစ်တဲ့သတင်းတွေမှာ ကြက်ကောင်ရေ ဘယ်လောက်ကို 'ဖျက်ဆီးပစ်လိုက်ရတယ်' လို့ ကြေညာလေ့ရှိတယ်မဟုတ်လား။အဲဒါကော"

"ကြက်တွေကို သတ်ပစ်တာပါဆရာ"

" ရှေးကစာတွေမှာလည်း 'သတ်သည်'လို့ တိုက်ရိုက်မသုံးဘဲ'ကွပ်မျက်သည်၊ သုတ်သင်သည်၊ အဆုံးစီရင်သည်၊ သွားမြဲတိုင်းလမ်းသွားစေသည်၊ ထုံးစံနှင့်အညီ စီရင်သည်' ဆိုတဲ့ စကားမျိုးတွေသုံးတာပေ့ါကွယ်"

" ဟုတ်ကဲ့ပါဆရာ"

" တစ်ခုတော့ ရှိတာပေါ့ကွယ်။ ခုပြောတဲ့အသုံးအနှုန်းတွေက ကြမ်းတဲ့ ရိုင်းတဲ့ ခံစားမှုအငွေ့အသက်ပါတဲ့ စကားတွေကို ရှောင်ပြီး သိမ်သိမ်မွေ့မွေ့ သုံးတဲ့ အသုံးအနှုန်းတွေမဟုတ်လား။ တချို့နေရာကျတော့လည်း ရိုင်းရိုင်း ကြမ်းကြမ်း သုံးရတာတွေရှိတယ်လေ။ အဲဒီအခါမျိုးမှာတော့ အများရှောင်သုံးတဲ့စကားတွေကို တိုက်ရိုက်သုံးရတာမျိုးလည်း ရှိတတ်ပါတယ်။ အဓိကအချက်ကတော့ ဆရာဆွေးနွေးခဲ့သလို အခြေအနေနဲ့ လိုက်ဖက်ဆီလျော်ဖို့ လိုတာပါပဲကွယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"။ ။

အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန် အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လင်းအောင်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြီးသတ်ညှိနှိုင်းပြီးဖြစ်သည့် သဘောတူစာချုပ်များ၊ အခြေပြစာချုပ်များကို ၂၀၁၄ ခုနှစ်အတွင်း လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ဇွန် ၇ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့တွင် ဆွေးနွေးအတည်ပြုသည်။

အဆိုပါစာချုပ်များအနက်မှ "အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြုစာချုပ်"ကို မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ၂၀၁၄ ခုနှစ် ဩဂုတ်လမတိုင်မီ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ ဟွာဟင်းမြို့တွင် ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ ပါဝင်လက်မှတ်ရေးထိုးပြီး ၂၀၁၂ ခုနှစ် မတ်လအတွင်းက စတင်အကျိုးသက်ရောက်ခဲ့သော ယင်းစာချုပ်ကို ပြင်ဆင်ချုပ်ဆိုလက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

အာဆီယံနိုင်ငံများတွင် ယခုလက်ရှိလာရောက်လုပ်ကိုင်သည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အချို့သော စီးပွားရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့် ခွင့်ပြုလုပ်ကိုင်ခွင့်ပေးထားရခြင်းဖြစ်ရာ ယင်းစာချုပ်ချုပ်ဆိုခြင်းဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများအား ကန့်သတ်မှုလျှော့ချပြီး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုလွတ်လပ်ပွင့်လင်းမှုများ ရှိလာစေရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း အာဆီယံနိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်မဟုတ်သော နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ပြီး မြန်မာနိုင်ငံအတွက် အထင်ကရဆောင်ရွက်မှုအဖြစ်လည်းကောင်း ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အလားတူ ၂၀၁၄ ခုနှစ်အတွင်း၌ပင် "အာဆီယံ-ဩစတြေးလျ-နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှု ဒေသအကောင်အထည်ဖော်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြုစာချုပ်"ကိုလည်း ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ ယင်းစာချုပ်ကိုလည်း ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံ-ဩစတြေးလျ- နယူးဇီလန် ထိပ်သီးအစည်းအဝေးကာလအတွင်း စီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးအတည်ပြုခဲ့ခြင်းဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်မှုထူထောင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်၊ ကုန်သွယ်ရေးတွင် အကောက်ခွန်နှုန်းလျှော့ချမှုတွင်ပါဝင်သော ကူးပြောင်းချိတ်ဆက်မှု ပင်ရင်းနိုင်ငံစည်းမျဉ်း သတ်မှတ်ချက်၊ သက်သေခံလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံနှင့် ဩစတြေးလျ၊ နယူးဇီလန်သုံးပွင့်ဆိုင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာချုပ်များချုပ်ဆိုခြင်းနှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့်က " နိုင်ငံတော်သမ္မတကြီးရဲ့ ဆန္ဒအရ နိုင်ငံခြားစီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ရေး ရည်ရွယ်ပြီးတော့ သဘောတူစာချုပ် Convention တွေ ချုပ်ဆိုလက်မှတ်ရေးထိုးမယ်ဆိုတာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ပြည်ထောင်စုလွှတ်တော်မှာ ဆုံးဖြတ်အတည်ပြုချက်ရယူတာပေါ့။ ဒီသဘောတူစာချုပ်တွေ ချုပ်ဆိုနိုင်ပြီဆိုရင် ပြည်တွင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် စီးပွားရေးအကျိုးအမြတ်တွေ ပိုပြီးရလာမှာပေ့ါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတွေလည်းပေါ်လာပြီဆိုတော့ ပိုမိုခိုင်မာတဲ့ စီးပွားရေးအကျိုးရလဒ်တွေကို ပြည်သူတွေခံစားခွင့်ရရှိလာမှာပေ့ါ" ဟု ၎င်း၏အမြင်ကို မြန်မာ့အလင်းသို့ ပြောကြားသည်။

ဇင်ဦး(မြန်မာ့အလင်း)

သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က သာယာဝတီမြို့ အထက(၂)ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်မျိုးစုံ ၈၅၀ ကို စိုက်ပျိုးကြစဉ်။ သက်ထက်

စာပေမြင့်မှ လူမျိုးတင့်မည်

ချောင်းဦးရွာမှ မီးဘေးသင့်ပြည်သူများအား အဝတ်အထည်များ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၃ ရက်က မဟာအောင်မြေသာစံ ကယ်ဆယ်ရေးစခန်း၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးနှင့်အဖွဲ့ဝင်များက မီးဘေးသင့်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အဝတ်အထည်များ၊ ကျောင်းဝတ်စုံများ ပေးအပ်စဉ်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်း

ဟံသာကုန်တင်သင်္ဘော ရန်ကုန်ဆိပ်ကမ်းဝင်ရောက်ခြင်း ကြိုဆိုဂုဏ်ပြုပွဲကျင်းပ ကုန်တန်ချိန် ၉၉၃၄ တန်တင်ဆောင်နိုင်ပြီး တစ်နာရီလျှင် ရေမိုင် ၁၃ မိုင် အမြန်နှုန်းဖြင့်မောင်းနှင်နိုင်

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ဝယ်ယူခဲ့သည့် ဟံသာကုန်တင်သင်္ဘောအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၇

မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ဝယ်ယူခဲ့သည့် ဟံသာကုန်တင်သင်္ဘော ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ခြင်း ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် အမှတ်(၃)ဗိုလ်အောင်ကျော်တံတား၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ဝယ်ယူခဲ့သည့် ဟံသာကုန်တင်သင်္ဘော ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဖေက ဟံသာကုန်တင် သင်္ဘောခရီးစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးစိုးတင့်က ဟံသာသင်္ဘော ရေယာဉ်မှူးအား အထိမ်းအမှတ်အလံ ပေးအပ်ပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း မန်နေဂျင်းဒါရိုက်တာဦးဝင်းဖေက မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးအား သင်္ဘောပုံစံငယ်ကို အမှတ်တရလက်ဆောင် ပေးအပ်သည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ဟံသာကုန်တင်သင်္ဘောကို ကြည့်ရှုကြသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ဝယ်ယူခဲ့သည့် ဟံသာကုန်တင်သင်္ဘောသည် ၂၀၀၈ ခုနှစ်တွင် ဂျပန်နိုင်ငံ Kurinoura Dockyard Co., Ltd. က တည်ဆောက်ခဲ့ပြီး ပင်လယ်ပြင်သွား အထွေထွေကုန်တင်သင်္ဘောအမျိုးအစားဖြစ်ကာ အလျား ၁၀၁ ဒသမ ၅ မီတာ၊ အနံ ၁၉ ဒသမ ၆ မီတာ၊ အမြင့် ၁၃ မီတာ၊ ကုန်တန်ချိန် ၉၉၃၄ တန် တင်ဆောင်နိုင်ပြီး အမြန်နှုန်းမှာ တစ်နာရီလျှင် ရေမိုင် ၁၃ မိုင် မောင်းနှင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောင်မြင်သောသမဝါယမစနစ်ထူထောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်မည်

(ဥသျှောင်ပဲခူးမှ ပြည်သူတို့၏ ပဲ့တင်သံများ)

တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်
ဓာတ်ပုံ-ရဲထွဋ်

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့ပူးပေါင်းကောက်ယူသည့် စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆင်းရဲမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိနေသည်။ အစိုးရသစ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်းရဲမှုနှုန်းလျှော့ချရာတွင် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ လုပ်ဆောင်ရာတွင် အခြေခံလူထု လူတန်းစားများသည် ငွေကြေးအရင်းအနှီးနည်းပါးလှသည်ဖြစ်ရာ အခြေခံပြည်သူများ၏ ဆင်းရဲမှုကိုလျှော့ချနိုင်ရေးသည် အခြေခံအဖြစ် တည်ရှိနေသည်။ သို့ဖြစ်၍ ဇွန် ၇ ရက်က ပဲခူးတိုင်းဒေသကြီး ရွှေမော်ဓောစေတီတော်ယာဉ်ရပ်နားကွင်းတွင် ပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနားသို့ သွားရောက်၍ အခြေခံလူတန်းစားများ၏ အခြေခံလိုအပ်မှုနှင့် ယင်းတို့၏စကားသံများ ကြားသိနိုင်ရန်အတွက် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

မလေးလေးခိုင်ဝင်း
ပဲခူးတိုင်းဒေသကြီး
ဇိုင်းဂနိုင်းတောင်ပိုင်း ပုလဲလမ်း

ကျွန်မက ကျေးလက်ဒေသနဲ့ လူမှုဖွံ့ဖြိုးရေးလုပ်တဲ့အချိန်မှာ အပ်ချုပ်စက်တစ်လုံး ဝယ်ထားပါတယ်။ ဝယ်ဖို့ဆုံးဖြတ်တာကတော့ အရင်က ကျွန်မ အထည်ချုပ်စက်ရုံမှာလုပ်ပါတယ်။ စက်ချုပ်တဲ့စက်ရုံအလုပ်သမပေါ့။ အမေက ကျန်းမာရေးမကောင်းတဲ့အခါကျတော့ စက်ရုံမှာသွားမချုပ်နိုင်တော့ဘူး။ အဲဒီတော့ဝင်ငွေမရှိဘူး။ ဒီလိုအရစ်ကျပေးချေတဲ့စနစ်နဲ့စက်တွေကို သမဝါယမကရောင်းပေးတဲ့အခါကျတော့ ကိုယ့်အိမ်မှာကိုယ် ချုပ်နိုင်တယ်။ အရင်တုန်းကလည်း အိမ်မှာ စက်ချုပ်ပါတယ်။ သူများဆီက စက်ကိုငှားပြီး လခနဲ့ချုပ်တာပေါ့။ စက်ငှားချုပ်တာက တစ်လကို တစ်သောင်းခွဲ စက်ကြေးပေးရတယ်။ အထည်ခေါက်ရေနဲ့ ချုပ်ပြန်တော့လည်း ကိုယ့်အတွက် သိပ်မကျန်ဘူး။ အများဆုံးကျန်မှ ၂၀၀၀ လောက်ပဲကျန်တာ၊ အခု သမဝါယမက အရစ်ကျရောင်းတော့ တန်ဖိုးကို တစ်သိန်းသတ်မှတ်ထားပြီး ၂၀ ရာခိုင်နှုန်း အရင်သွင်းရပါတယ်။ ကျန်တာကတော့ ၁၀ လဆပ်နဲ့ တဖြည်းဖြည်းချင်းခွဲဆပ်ရမှာဆိုတော့ အပိုင်လည်းဖြစ်မယ်၊ အိမ်စရိတ်လည်း ပိုတိုးလာမယ်လို့ ထင်ပါတယ်။ အတိုးမပေးရပါဘူး။ အခုစက်ရပြီဆိုတော့ အပြင်ထည်အပ်ထည်တွေလည်း လက်ခံပြီး ချုပ်မယ်။ အပြင်က ခေါက်ရေနဲ့လာချုပ်တဲ့သူတွေရှိရင်လည်း လက်ခံမယ်။ ပြည်သူတွေကို အဘက်ဘက်ကနေ ပံ့ပိုးပေးဖို့ကြိုးစားနေတဲ့ သမ္မတကြီးကိုလည်း ကျေးဇူးတင်ပါတယ်။

ဦးဝင်းပို (တောင်သူ)
ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်

သမဝါယမကနေ ပစ္စည်းတွေအရစ်ကျရောင်းတော့ ကျွန်တော်ဆိုင်ကယ်တစ်စီးဝယ်ထားပါတယ်။ လယ် ၁၄ ဧကရှိပါတယ်။ လယ်သမားဆိုပေမယ့် ဆိုင်ကယ်ဝယ်ယူရတာက လယ်ယာလုပ်ငန်းသုံး ပစ္စည်းဝယ်ယူတာတွေ၊ လူမှုရေးနဲ့ပတ်သက်လို့ သွားလာရေးကအစ ကျန်းမာရေးအဆုံး အဆင်ပြေချောမွေ့အောင်ပါ။ မဝယ်ခင်တုန်းက ကျွန်တော်တို့ လုပ်ချင်တာတွေ ဖြစ်ချင်တာတွေ မြန်မြန်မလုပ်နိုင်ဘူး။ ဆိုင်ကယ်ဝယ်တာက ငါးသိန်းရှစ်သောင်း ပေးရတယ်။ သမဝါယမနဲ့ ကုမ္ပဏီချိတ်ဆက်ပြီး အရစ်ကျငွေချေစနစ်နဲ့ ဝယ်ရတာပါ။ ၂၀ ရာခိုင်နှုန်းအရင်သွင်းရတယ်၊ တစ်နှစ်အတွင်း ဆပ်ရမယ်ဆိုတော့ တစ်လုံးတည်း မဝယ်နိုင်တဲ့ ကျွန်တော်တို့လို တောင်သူတွေအဖို့ အများကြီးအဆင်ပြေပါတယ်။ ဒီလိုပဲ တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို အရစ်ကျအမြဲရောင်းချပေးရင် အတိုင်းမသိ ဝမ်းသာမှာပါ။ လယ်ယာသုံးစက်ကိရိယာ အရင်မဝယ်တာကတော့ ကျွဲ၊ နွားနဲ့ထွန်နေတဲ့အချိန်မှာ သွားရေးလာရေးအဆင်ပြေအောင်လို့ပါ။ နောင်ဆို ရွာမှာလည်း အခုလိုမျိုး လုပ်ပေးနိုင်တဲ့ အသင်းစုတွေ ပေါ်ပေါက်ပါစေလို့ ဆုတောင်းပါတယ်။ လယ်ထွန်စက်အသေးစား တစ်နိုင်တစ်ပိုင်သုံးနိုင်တဲ့ စက်လေးရရင်လည်း ဝယ်ချင်ပါသေးတယ်။

ဦးဝင်းအောင်
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်
အောင်သမဝါယမအသင်း

သမဝါယမက အရစ်ကျပစ္စည်းတွေ ရောင်းတဲ့အခါမှာ ကျွန်တော့အနေနဲ့ ဟိုက်ဂျက်မော်တော်ကားကို ဝယ်ယူပါတယ်။ အရင်က ကျွန်တော်တို့ သမဝါယမမှာ ပဲခူးနဲ့ သနပ်ပင်ဆွဲတဲ့ သုံးဘီးယာဉ်လိုင်းရှိတယ်။ အဲ့ဒီလိုင်းအစား အဆင့်မြင့်တဲ့ လေးဘီးယာဉ်ပြောင်းပြီး ပြေးဆွဲမှာပါ။ လိုင်းသီးသန့်ဆွဲဖို့ပါ။ တန်ဖိုးက ၆၂ သိန်းရှိပါတယ်။ ၂၀ ရာခိုင်နှုန်းကို ကျွန်တော်တို့လက်ငင်းသွင်းထားပြီး ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကို သုံးနှစ်အတွင်း ဆပ်ရပါမယ်။ ဝယ်ယူဖို့ဆုံးဖြတ်တာက ကျွန်တော်တို့သုံးဘီးတွေနဲ့ ပိုက်ဆံရှာရတာ အဆင်မပြေတော့ဘူး။ အဲ့ဒီအတွက် ဒီကားကို အခုလို အရစ်ကျရောင်းပေးမယ်ဆိုတော့ ကျွန်တော်တို့အတွက် အများကြီးအဆင်ပြေပြီး ထွက်ပေါက်လည်း ဖြစ်သွားတာပေါ့။ အရင်က သုံးဘီးနဲ့ဆွဲတဲ့အခါ ခရီးသည် ထင်သလောက်မရဘူး။ ဒီကားနဲ့ဆွဲရင်တော့ ခရီးသည်လည်းပိုရပြီး ကျွန်တော်တို့အတွက် အဆင်ပြေမယ်လို့ထင်ပါတယ်။ ကျွန်တော်ကားလည်းဆွဲတယ်။ ဝပ်ရှော့လည်းလုပ်ပါတယ်။ သမဝါယမက အခုလိုအရစ်ကျရောင်းပေးတဲ့အချိန်မှာ ကိုယ်လိုချင်တာရှိရင်လည်း ဝယ်ယူချင်တာပေါ့။ အရစ်ကျဆိုတော့ ကျွန်တော်တို့လည်းဝယ်နိုင်တယ်လေ။ သမဝါယမက အခုလိုအရစ်ကျရောင်းပေးတာအများကြီးကို ဝမ်းသာတယ်။ အရင်အခြေအနေနဲ့ အခုအခြေအနေ အပြောင်းအလဲလည်း ဖြစ်တာပေါ့။

ကိုသက်ထွန်း
ပဲခူးတိုင်းဒေသကြီး
ပဲခူးမြို့နယ် ခံတိုင်းကျေးရွာ

ကျွန်တော်က သမဝါယမကနေပြီး ဂွန်ဒေါင်းမြင်းကောင်ရေ ၂၀၊ အပြာရောင်လေးဝယ်ထားပါတယ်။ သဘောလည်း ကျတယ်။ ဒီကောင်တွေက အရှန်းအဆွဲအားလည်း သန်တယ်။ လုပ်ငန်းကိုင်ငန်းမှာလည်း ပိုပြီးစိတ်ချ

ရတယ်။ ဒီကောင်ရဲ့တန်ဖိုးက ၂၅ သိန်းပေးရတယ်။ ကျွန်တော်က သူနာပြု ကျောင်းဆင်းဆိုတော့ ဆေးထိုးတဲ့အလုပ်ရော၊ လယ်အလုပ်ပါလုပ်ပါတယ်။ လယ်ဧက ၄၅ ဧကလောက်ရှိတယ်။ ဝယ်ယူဖို့ဆုံးဖြတ်တာကအလုပ်သမားနဲ့လုပ်ရတဲ့ လယ်ယာလုပ်ငန်းမှာ လယ်ယာလုပ်ကိုင်လိုသူ အလုပ်သမား ရှားလာပြီလေ။ နောက်အလုပ်သမားနဲ့ဆိုတစ်နေ့ကို တစ်ဧကလောက်ပဲ ထွန်နိုင်ပေမယ့် ဒါနဲ့က နှစ်ဧကခွဲ၊ သုံးဧကလောက် မောင်းနိုင်တာပေါ့။ ဒီတော့လုပ်ငန်းပိုတွင်ကျယ်တယ်။ နွားနဲ့လုပ်တာ ထက်စာရင် ဒါနဲ့ကအချိန်တိုအတွင်းမှာပဲ ထယ်ကိုနှစ်ခါပြန်ထိုးနိုင်မယ်။ ပိုညက်ညောလာမယ်။ ပိုညက်လာရင် သီးနှံလည်း ပိုအောင်မြင်မယ်လို့ ထင်တယ်။ လူငှားကလေးယောက်လောက် သုံးရမယ့်နေရာမှာ ဒီကောင်နဲ့ဆို နှစ်ယောက်လောက်နဲ့ အဆင်ပြေမယ်။ အခုလိုအရစ်ကျနဲ့ သမဝါယမက လုပ်ပေးတော့ ကျွန်တော်တို့အတွက် အများကြီးအဆင်ပြေတယ်။ အပြင်မှာ ပေါက်ဈေးက ၂၄ သိန်းခွဲလောက်ရှိတယ်လို့ ကြားတယ်။ ဒီအရောက်ဆို ၂၅ သိန်းလောက်ကျမှာပဲလေ။

ကိုဇော်မင်းဦး
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့

ကျွန်တော်ထွန်စက်ကြီး ဝယ်တာ အရင်က ကျွန်တော့်မိဘတွေမှာ လယ်ထွန်စက်ရှိပါတယ်။ အလုပ်အကိုင်ကတော့ လယ်သမား၊ လယ်ဧက ၅၀ ကျော်ရှိတယ်။ ကြာနေပြီဆိုတော့ သိပ်မကောင်းတော့ဘူး။ အခုလိုအရစ်ကျ ရောင်းတာကို ဝယ်ယူဖြစ်တာက ဒီလောက်တန်ကြေးရှိတာကို တောင်သူအနေနဲ့ တစ်လုံးတစ်ခဲတည်း ဝယ်ယူဖို့အဆင်မပြေနိုင်ဘူး။ နိုင်ငံတော်က အခုလိုလုပ်ပေးတော့ ကျွန်တော်တို့ ရာသီပေါ်ချိန်ဆို ဖွဲ့ဆပ်လို့ရတော့ အဆင်ပြေ

တာပေါ့။ ပထမအနေနဲ့ ၂၀ ရာခိုင်နှုန်း၊ နောက်သုံးနှစ်အတွင်းမှာ ခြောက်ကြိမ် ပေးရမယ်။ ထွန်စက်ကြီး တန်ဖိုး ၂၃၅ သိန်းဆိုတော့ အပြင်နဲ့ ကွာဟမှုမရှိပါဘူး။ ကုမ္ပဏီပေါက်ဈေးပါပဲ။

ကျွဲ၊ နွားတိရစ္ဆာန်နဲ့လုပ်မယ်ဆို ကျွန်တော်တို့ရာသီအမီမလုပ်နိုင်ဘူး။ ဒီတော့ သီးနှံအထွက်လျော့တာပေါ့။ ဒီစက်ဝယ်ယူနိုင်တဲ့အတွက် ပြောပြချင်တာကတော့ ကျွန်တော်တို့တောင်သူတွေအနေနဲ့ ဒီလိုစက်ကြီးမျိုးကို ဝယ်ယူဖို့ခက်ခဲနေချိန်မှာ ဒီလိုစနစ်ကို လမ်းကြောင်းပေးတဲ့ နိုင်ငံတော်သမ္မတကြီးကိုရော၊သမဝါယမဝန်ကြီးဌာနကိုပါ ပူးပေါင်းဆောင်ရွက်ပေးတဲ့ကုမ္ပဏီကိုလည်း ကျေးဇူးတင်တယ်။ ယန္တရားနဲ့အလုပ်လုပ်ရင် ကျွန်တော်တို့ ရာသီအမီလုပ်နိုင်တဲ့အတွက် ပိုပြီးထွက်ရှိမယ်။ ကျွန်တော်တို့ဒေသမှာလည်း ဒီလိုပစ္စည်းမျိုးက မရောက်သေးတဲ့အတွက် တစ်ဆင့် ပြန်ငှားနိုင်မယ်။ ဝင်ငွေကပိုပြီးတိုးလာမှာပါ။ ဒီရည်ရွယ်ချက်နဲ့ပါ။

ကိုထွန်းထွန်းဦး
ပဲခူးမြို့နယ် သပြေကုန်းကျေးရွာ

အလုပ်အကိုင်က လယ်ကိုးဧကလုပ်ထားပါတယ်။ သုံးဘီးဆိုင်ကယ်ဝယ်တာက ခရီးသွားခရီးလာနဲ့ ကောက်လှိုင်းတွေဘာတွေ တင်ဖို့ပေါ့။ ဒီကောင်က စပါးလည်းတိုက်လို့ရတယ်လေ။ ဒါကြောင့်ဝယ်ဖြစ်တာ။ စီးပွားရေးအနေနဲ့ ဘေးထွက်လုပ်လို့လည်းရတယ်။ ဘေးစရိတ်လည်းဝင်တယ်လေ။ မိသားစု ငါးယောက်ရှိတယ်။ သူ့တန်ဖိုးက ၂၂ သိန်း ၅ သောင်း၊ ၂၀ ရာခိုင်နှုန်းပဲ အရင်သွင်းရတယ်။ နှစ်နှစ်ဆပ်ပေါ့။ ပြောင်းလဲမှုက လုပ်ငန်း ပိုတွင်ကျယ်လာမယ်။ စရိတ်ပိုထွက်လာမယ်လို့ ထင်တယ်။ အပြင်ပေါက်ဈေးထက်တောင် တစ်သိန်းလောက် လျှော့နေပေးတယ်။ အရစ်ကျရောင်းပေးတဲ့အတွက် အကုန်အဆင်ပြေတယ်။

ပြောရရင် စိတ်ချမ်းသာတယ်ပေါ့ဗျာ။ ဝယ်ယူဖို့အတွက် ချိတ်ဆက်ထားတာကကျွန်တော်တို့နားမှာ သမဝါယမက အသေးစားငွေချေးလုပ်ငန်းလုပ်တယ်။ သူတို့ဆီကပဲတစ်ဆင့် ပြန်ချိတ်ပြီး ဝယ်ယူနိုင်တာပါ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ခြေလှမ်းတိုင်း သတိကြီးစွာဆောင်ရွက်ခဲ့

❁ ရှေ့ဖုံးမှ

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခြေလှမ်းတိုင်းကို သတိကြီးစွာဖြင့် ဆောင်ရွက်ခဲ့ရပါကြောင်း။

ဒီမိုကရေစီစနစ်နှင့် လည်းကောင်း၊ ဒီမိုကရေစီအလေ့အကျင့်များနှင့်လည်းကောင်း နှစ်ပေါင်းများစွာကွာဝေးခဲ့သည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို အတင်းအကျပ် ဆောင်ရွက်ခြင်း၊ ဖိအားပေးဆောင်ရွက်ခြင်းများဖြင့် လုပ်ဆောင်၍ မရပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို မိမိနိုင်ငံ၏ ပကတိ အရှိတရားထက်ကျော်လွန်ပြီး အလွန်အကျွံဆောင်ရွက်ခဲ့သည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဆိုးရွားသည့် ပဋိပက္ခအခြေအနေများနှင့် ရင်ဆိုင်နေရသည်ကို နေ့စဉ်သတင်းစာများ၊ ရုပ်မြင်သံကြားသတင်းများတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများသည် ပြည်သူအားလုံး၏ ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း။

တည်ငြိမ်အေးချမ်းမှု ရရှိရန်အတွက် မိမိတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင်ဆောင်ရွက်ခြင်း၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သော နိုင်ငံသားအားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်အတွက် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဟူသည့် လုပ်ငန်းစဉ်သုံးရပ်ပါဝင်ပါကြောင်း။

နိုင်ငံရေး တည်ငြိမ်စေရန်အတွက် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့သည့် နိုင်ငံရေးပါတီများ လွှတ်တော်နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်သင့်သည့်ဥပဒေများကို ပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်က ဆန့်ကျင်ခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်အတွင်းရောက်ရှိနေပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံး နိုင်ငံရေးဖြစ်စဉ်တွင်ပါဝင်နိုင်ရန်အတွက် ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ထိန်းသိမ်းခဲ့သည့် အကျဉ်းသားများအားလုံးကို မိမိတို့အစိုးရလက်ထက်တွင် ပြန်လည်လွှတ်ပေးခဲ့ပါကြောင်း၊ အကျဉ်းကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် လူထုအခြေပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသကဲ့သို့ အချို့သည်လည်း နိုင်ငံရေးလောကအတွင်းသို့ဝင်ရောက်ရန်ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားမရှိတော့ဟုဆိုနိုင်ကြောင်း၊ သို့သော် နိုင်ငံရေးအကျဉ်းသားအချို့ ကျန်ရှိနေသေးသည်ဟု ပြောဆိုချက်များအပေါ် စိစစ်နိုင်ရန်အတွက် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီက ဆောင်ရွက်နေပါကြောင်း။

ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် မိမိတို့က အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လာရန် ဖိတ်ခေါ်ဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည့် အခြားနိုင်ငံများတွင် လက်နက်ကိုင်ပဋိပက္ခများကို အဖွဲ့တစ်ဖွဲ့တည်းနှင့်သာ ဖြေရှင်းနေရခြင်းဖြစ်ပါကြောင်း၊ သို့တိုင်အောင် ငြိမ်းချမ်းရေးရရှိရန်အတွက် နှစ်ပေါင်းများစွာ စေ့စပ်ညှိနှိုင်း အဖြေရှာခဲ့ရပါကြောင်း၊ ဥပမာအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ၁၇ နှစ် စေ့စပ်ဆွေးနွေးဖြေရှင်းခဲ့ရပြီး မကြာခင်ကမှ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေရသည်ဖြစ်ရာ မည်မျှနက်နဲသိမ်မွေ့စွာ ဆောင်ရွက်ရမည်ကို ခန့်မှန်းနိုင်ပါကြောင်း၊ သို့သော် မိမိတို့တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ရှည်မှု၊ သည်းခံမှု၊ သဘောထားကြီးမှုများနှင့် အခြေခံဆောင်ရွက်ခဲ့သည့်အတွက် လက်နက်ကိုင်တိုက်ခိုက်မှုများကို ရပ်ဆိုင်းပြီး၊ စားပွဲဝိုင်းတွင် အတူထိုင်ဆွေးနွေးသည့်အဆင့်သို့ ရောက်ရှိလာကာ အဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ မကြာမီတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားဆောင်ရွက်နေပါကြောင်း။

သို့သော် အပစ်အခတ်ရပ်စဲသည်ဆိုရုံဖြင့် ငြိမ်းချမ်းရေးရပြီဟု မဆိုနိုင်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင်လည်း တစ်ကြိမ်တည်းဖြင့် အားလုံးသဘောတူညီမည်ဟု မဆိုနိုင်ပါကြောင်း၊ ဆွေးနွေးမှုတိုင်းတွင်သဘောတူညီနိုင်သည့်အချက်များကို မှတ်သားထားပြီး ကျန်နေသေးသည့်အချက်များကို ဆက်လက်ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ သဘောထားကွဲလွဲမှုများကို လက်နက်ကိုင် တိုက်ပွဲများ၊ ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် ဖြေရှင်းခြင်း မပြုဘဲ စားပွဲဝိုင်းတွင် ညှိနှိုင်းဆွေးနွေးမှုဖြင့် ဖြေရှင်းရန်ဖြစ်ပါကြောင်း။

နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့ခံထားရမှုများကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပိတ်ဆို့မှုအားလုံးနီးပါးကို သက်ဆိုင်ရာနိုင်ငံများက ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သို့သော် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေသည့် ကျေးလက်နှင့် မြို့ပေါ်ရပ်ကွက်အချို့ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီဟု မဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူပြီးချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအားလုံးနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ကို ချမှတ် အကောင်အထည်ဖော်ခဲ့ပါကြောင်း။

ယနေ့ သမဝါယမဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်သည့်၊ ပြည်သူကိုတိုက်ရိုက် အကျိုးပြုသည့် ပြည်သူဗဟိုပြုလုပ်ငန်းဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့နယ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည့်အတွက် အားလုံး ပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် အားလုံးက တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို တည်တည်ငြိမ်ငြိမ်တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ်(၅) ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခမ်းအနားမှာ လုပ်ငန်းစဉ်(၅)ရပ်အနက် ပြည်သူများ လိုအပ်နေသည့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းဟူသည့် လုပ်ငန်းစဉ်(၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ယင်း လုပ်ငန်းစဉ်များသည် အခြေခံပြည်သူများ၏ ဆင်းရဲမှုကို လျှော့ချနိုင်ရေးအတွက် အခြေခံဖြစ်ခြင်း၊ အခြေခံပြည်သူများငွေချေးစရာမလိုတော့ဘဲ ကိုယ့်ဘာသာ ရပ်တည်နိုင်ရေးအတွက် အခြေခံဖြစ်ခြင်း၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်ခြင်းတို့ကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

ဤအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံအသေးစားချေးငွေ ကျပ်သိန်းပေါင်း ၆၇၀၀၅ သိန်းကို ထုတ်ချေးသွားမည်ဖြစ်ပြီး တန်ဖိုးကျပ် သိန်းပေါင်း ၁၄၈၆၁ ဒသမ ၅၀၂ သိန်းရှိသည့် လယ်ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာပေါင်း ၅၉၃ စီးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း၊ ထို့အတူ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၆၆၂ ဒသမ ၂ သိန်းရှိသည့် အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းကိရိယာပေါင်း ၂၃၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ယနေ့အထိ ဝန်ကြီးဌာနက ဆောင်ရွက်ပေးထားမှုအခြေအနေမှာ ပြည်သူများ၏အရင်းအနှီးအတွက် ကျပ်သန်းပေါင်း ၁၄၅၈၁၅ သန်းကျော်ထုတ်ချေးပေးထားပြီး တန်ဖိုးကျပ်သိန်းပေါင်း ၅၄၂၄၅ ဒသမ ၉၁၅ သိန်းရှိသည့် လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး၊ အရေအတွက်ပေါင်း ၄၇၆၅ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီးဖြစ်ပါကြောင်း။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစားအရင်းအနှီးချေးငွေ မရရှိကြသေးသည့် ကျေးလက်နှင့် မြို့ပြနေအခြေခံပြည်သူများအတွက်လည်း မိုးရာသီလုပ်ငန်းစရိတ်အဖြစ် ချေးငွေကျပ်ဘီလီယံ ၅၀ ကျော်ကို ဆက်လက်ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း၊ ဒါ့အပြင် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်ကုန်မှာ တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင် တိုးချဲ့ဆောင်ရွက်သွားရန်လည်း မျှော်မှန်းထားပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုနှင့် ဆောင်ရွက်နေသည့် ဤလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲမှု လျှော့ချနိုင်ရေးအတွက်

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ယာဉ်ရပ်နားကွင်း၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့နယ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းပါဝင်ကြိုးစား ဆောင်ရွက်ရန်လိုအပ်။

ပြည်တွင်းသတင်း

လည်းကောင်း၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အခြေခံလက်တွေ့ကျပြီး မှန်ကန်သည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားလည်း အမှန်တကယ် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သမဝါယမအသင်းသားများ၊ အမှုဆောင်များ၊ သမဝါယမဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးနှင့် ဒေသတာဝန်ရှိသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက တိုင်းဒေသကြီးအတွင်း ကျေးရွာ၊ ရပ်ကွက်ပေါင်း ၆၅၂၈ ခုရှိသည့်အနက် ယနေ့အထိ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်း ၃၄၉၉ သင်း၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်း ၃၈၉ သင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်း ၂၃၃ သင်း စုစုပေါင်း သမဝါယမအသင်း ၄၁၂၁ သင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ သမဝါယမအသင်းသား စုစုပေါင်း ၄၇၀၀ တက်ရောက်လာကြပါကြောင်း။

အခမ်းအနားတွင် သမဝါယမအသေးစားအရင်းအနှီးချေးငွေအဖြစ် စုစုပေါင်း မြို့နယ် ၂၈ မြို့နယ် သမဝါယမအသင်း ၁၀၇၀၊ အသင်းသား ၆၇၀၀၅ ဦးတို့အတွက် ထုတ်ချေးငွေကျပ် ၆ ဒသမ ၇၀၀၅ ဘီလီယံကို ထုတ်ချေးရယူမည်ဖြစ်၍ လူထု၏ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ထို့အပြင် မြို့နယ် ၂၇ မြို့နယ်ရှိ သမဝါယမအသင်း ၂၅၁ သင်းမှ အသင်းသား ၅၉၃ ဦးတို့အတွက် တန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅၈ ဘီလီယံရှိသည့် ထွန်စက်ကြီး၊ ထွန်စက်သေးအပါအဝင် စုစုပေါင်း စက်ပစ္စည်း ၁၄ မျိုး၊ အရေအတွက် ၅၉၃ ခုကို လည်းကောင်း၊ မြို့နယ် ၁၇ မြို့နယ်ရှိ သမဝါယမအသင်း ၇၇ သင်းမှ အသင်းသား ၂၃၅ ဦးအတွက် တန်ဖိုးငွေကျပ်သိန်း ၁၆၆၂ ဒသမ ၂၀ ရှိသည့် စုစုပေါင်းလုပ်ငန်းသုံး ပစ္စည်းခြောက်မျိုး၊ အရေအတွက် ၂၃၅ ခု ကိုလည်းကောင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သဖြင့် ဒေသအတွင်း ပြည်သူလူထု၏ နေထိုင်မှုအဆင့်အတန်းသည် တစ်နေ့တခြား ပိုမိုတိုးတက်လာတော့မည်ဖြစ်ပါကြောင်း။

အစိုးရသစ်လက်ထက်မတိုင်မီကာလက ပဲခူးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သမဝါယမလုပ်ငန်းများ လှုပ်ရှားနိုင်မှု အားနည်းခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်တာဝန်ယူပြီး နောက်ပိုင်းကာလတွင်မူ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှင့်မှု၊ သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်ဦးရွက်ပြုမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပါဝင်ဆောင်ရွက်မှုများကြောင့် သမဝါယမလုပ်ငန်းများမှာ သိသိသာသာ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌဦးခင်မောင်အေးက အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား ဖြူးမြို့နယ် ထင်ရှား စိုက်ပျိုးရေးသမဝါယမအသင်းမှ ဦးလှိုင်စိုးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းပေါင်း ၁၀၇၀ များမှ အသင်းသားများသို့ သမဝါယမ အသေးစားအရင်းအနှီးချေးငွေ ကျပ် ၆၇၀၀၅ သိန်း ပံ့ပိုးပေးနိုင်ခဲ့ပြီး ထွန်စက်ကြီး ၃၁ စီး၊ ထွန်စက်အသေး ၁၄ စီး၊ ဖောကားလေးစီး၊ ကုန်တင်ယာဉ်တစ်စီး၊ ရိတ်သိမ်းခြွေလှေ့စက်နှစ်စီး၊ လက်တွန်းထွန်စက်စီးရေ ၃၂၀၊ ထော်လာဂျီငါးစီး၊ အင်ဂျင်လုံးရေ ၁၅၀၊ မြက်ဖြတ်စက်တစ်လုံး၊ မြေမွစက် ခြောက်လုံး၊ ထွန်/ထယ်အစုံ ၅၀၊ သမန်းလှေခုနစ်စင်း၊ လယ်ယာသုံးစက်ကိရိယာ ၁၄ မျိုး အပါအဝင် စုစုပေါင်းအရေအတွက် ၅၉၃ ခု၊ ပစ်ကပ်ကား ၁၄ စီး၊ သုံးဘီးဆိုင်ကယ် ၁၅ စီး၊ မော်တော်ဆိုင်ကယ် ၇၈ စီး၊ အပ်ချုပ်စက် ၁၁၉ လုံး၊ ခါးစက်ခြောက်လုံး၊ ဘီတင်စက်သုံးလုံး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးအပါအဝင် စုစုပေါင်းအရေအတွက် ၂၃၅ ခုကို အရစ်ကျငွေချေစနစ်ဖြင့် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာနနှင့်ဝန်ကြီးဌာနများ၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုဆိုင်ရာပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကာ သမဝါယမအသင်းသားများကို နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

✵ ***ကျောဖုံးမှ***

ကာလဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် ရည်မှန်းချက်ထားဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံသားအားလုံးက လိုလားလက်ခံကြပြီး နိုင်ငံတော်သမ္မတကြီးက ဦးဆောင်ပြောင်းလဲလျက်ရှိပါကြောင်း။

ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ စတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် တည်ဆဲဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် ဥပဒေများဖြစ်မဖြစ် ဦးစွာသုံးသပ်၍ အဓိကထားဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ခေတ်၊ စနစ်နှင့် လိုက်လျောညီထွေမှု မရှိသည့် ဥပဒေများကို ပြင်ဆင်၊ ပယ်ဖျက်၊ အသစ် ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်သည့်အတွက် ပြည်သူ့ကိုယ်စားလှယ်အပေါ်၌ ယင်းတာဝန်သည် ကြီးမားစွာ ကျရောက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ ရုပ်သိမ်းရန် လွှတ်တော်များတွင် တာဝန်ရှိလာပြီဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို ကျေပွန်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်ကို ဥပဒေပညာရှင်များ၊ ဥပဒေ၊ တရားရေးနှင့် သက်ဆိုင်သော အငြိမ်းစားတရားသူကြီးများ၊ ရှေ့နေချုပ်ရုံးမှ ပညာရှင်များ၊ အရပ်ဘက်ရှေ့နေရှေ့ရပ်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်မှ အငြိမ်းစား အကြီးတန်းအရာရှိကြီးများပါဝင်ပြီး လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကို အထောက်အကူပြုလျက်ရှိပါကြောင်း။

ယနေ့ဆိုလျှင် လွှတ်တော်၌ ဥပဒေပေါင်း ၁၀၀ ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ လွှတ်တော်များ၌ ဆွေးနွေးဆဲ ဥပဒေပေါင်း ၅၀ ကျော်ရှိပြီး ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့နှင့် ညှိနှိုင်း၍ ဥပဒေပေါင်း ၁၃၆ ခုကို ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မမျှော်မှန်းနိုင်သော ဥပဒေများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ အလျဉ်းသင့်ခိုက် လွှတ်တော်များ၏ တာဝန်ကို ပြောကြားလိုပါကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရမည့် တာဝန်ရှိပါကြောင်း၊ ထို့ပြင် ပြည်သူ့ငွေ စာရင်းများကို စီမံခန့်ခွဲပေးရသည့် တာဝန်ရှိပြီး အင်မတန်အရေးကြီးသည့် တာဝန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရကသာလျှင် ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းရသည့် ဥပဒေကြမ်းသုံးခုရှိပါကြောင်း၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် အကောက်အခွန်ဆိုင်ရာ ဥပဒေကြမ်းတို့ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အဆိုပါ ဥပဒေကြမ်းများကို စီမံခန့်ခွဲပေးရခြင်းဖြစ်ပါကြောင်း။

ပြဋ္ဌာန်းထားသည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်နှင့် တရားမျှတပြီး ပြည်သူများလိုက်နာနိုင်သော ဥပဒေများဖြစ်ရန် လိုပါကြောင်း၊ ထို့ပြင် နိုင်ငံတကာကွန်ဗင်းရှင်းများ Treaty များနှင့် ကိုက်ညီမှုရှိရန်လိုကြောင်း၊ ပြည်သူတစ်ရပ်လုံး လိုလားသည့် ငြိမ်းချမ်းရေးရရှိအောင် မိမိတို့လွှတ်တော်များက ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ဖိတ်ခေါ်ခဲ့ပါကြောင်း၊ တပ်မတော်ကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်နေပါကြောင်း၊ လွှတ်တော်အပိုင်းကလည်း ငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးမှသည် သွေးစည်းညီညွတ်ရေးရအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိအမြင် ကမ္ဘာ့အမြင်အရ ဥပဒေသည် သိထားအပ်၊ တတ်ထားအပ်ပြီး ကျွမ်းကျင်အောင်လုပ်ထားသင့်သည်ဟု လက်ခံထားပါကြောင်း၊ ဥပဒေကို သိမှတတ်မှ ဥပဒေနှင့်အညီ နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့သော် လူတိုင်းကျွမ်းကျင်တတ်မြောက်ရန်မဖြစ်နိုင်ပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေကို သိရုံသာမက တတ်မြောက်ရန် ကျွမ်းကျင်ရန်လိုအပ်ပြီး ထိုက်သင့်သည့်ကဏ္ဍများ၌ ရှေ့တန်းက ဦးဆောင်ပါဝင်ကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် ဥပဒေစိုးမိုးမှု (Rule of Law) အတွက် ဥပဒေ၏အဆုံးအဖြတ် (Supremacy of Law) ကို အလေးထားဆောင်ရွက်ရမည့်အချိန် ရောက်ပြီဖြစ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာသည့် ပုဂ္ဂိုလ်များ၊ တရားဥပဒေကို ကျွမ်းကျင်သူများက ဦးဆောင်နေမည်ဆိုပါက မြန်မာနိုင်ငံ၏ အခြေအနေသည် အများကြီးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးနယ်ပယ်၌ ဥပဒေပညာရှင်များ ပါဝင်လာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည်ဟု ထင်မြင်ယူဆပါကြောင်း။

ယနေ့တွေ့ဆုံမှုသည် နိုင်ငံတော်အတွက် များစွာအကျိုးကျေးဇူးဖြစ်မည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဥပဒေကို သိအောင်၊ တတ်အောင်၊ ကျွမ်းကျင်အောင်သင်ယူကြခြင်းဖြင့် ကိုယ့်အတွက်သာမက နိုင်ငံတော်နှင့် မိမိတို့ ပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အင်မတန်အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ကြောင်း၊ ဥပဒေပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၏ စိတ် ကောင်းစေတနာနှင့်ယှဉ်သော အကြံပြုဆွေးနွေးချက်များနှင့် ပူးပေါင်းပါဝင်မှုများကို ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ခင်မာရီ၊ ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်မွန်မွန်တာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်မေထားနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်တင်မေထွန်းတို့က သက်ဆိုင်ရာတက္ကသိုလ်အလိုက် ဥပဒေပညာရပ်ဆိုင်ရာ လုပ်ငန်းများသင်ကြားပို့ချမှု၊ လွှတ်တော်များ၌ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ရှေ့နေများဖြစ်ကြသော ဦးသန်းဌေး၊ ဦးဘတင့်ဆွေ၊ ဦးရှိန်ဝင်း၊ ဦးကိုနီ၊ ဦးနေလ၊ ဦးဌေးဦး(စိန်ဂွန်း)၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးအောင်သန်းစိုး၊ အငြိမ်းစားအရာရှိကြီး ဦးအောင်ထွေး၊ ဥပဒေပါရဂူဘွဲ့ကျောင်းသား မောင်စောအောင်သာဝင်း၊ International Law Firm မှ မမင်းမင်းရောနိုင်၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ခင်မာရီတို့က ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့အတူ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခဌာနမှူး (အငြိမ်းစား) ဒေါက်တာဒေါ်သန်းနွဲ့က ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ဆွေးနွေးသည်။

အကြံပြု ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ကာလ၌ ဥပဒေသမားများသည် အရေးပါလာပြီဖြစ်ကြောင်း၊ ဥပဒေပညာကို ကျင့်သုံးခြင်းဖြင့် လူသားများအတွက် အကောင်းဆုံးရလဒ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများသည် ဆက်စပ်လျက်ရှိပါကြောင်း၊ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေနှင့်အညီ နေနိုင်ပါက တိုးတက်သည့် လူ့ဘောင်တစ်ရပ် ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် တရားရုံးတည်း တစ်ခုတည်းနှင့် သာသက်ဆိုင်ခြင်းမဟုတ်ဘဲ အစိုးရအဖွဲ့၊ တရားရုံးများ၊ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်သက်သေများ၊ ပြည်သူများအားလုံး ပါဝင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးစစ်ဆေး

နေပြည်တော် ဇွန် ၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၅ ရက် ညနေ ၄ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများအားတွေ့ဆုံပြီး မိမိတို့ ဆေးရုံကို ပြည်သူများအားကိုးယုံကြည်လာသည့်အပေါ်တွင် ယခုထက်ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားကြရန် မှာကြားကာ လူနာဆောင်များနှင့် တိုးချဲ့လူနာဆောင်ဆောက်လုပ်နိုင်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့သားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူများအားတွေ့ဆုံကာ မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် မွန်မြတ်သည့် သားဖွားအတတ်ပညာကို သင်ယူကြရန်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ စနစ်တကျနှင့် အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက် နံနက် ၈ နာရီတွင် ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည့် ကုသမှုအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့သို့ တက်ရောက်၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)** **(သတင်းစဉ်)**

ပြည်တွင်းသတင်း

စာမျက်နှာ ၇ မှ

ဦးလှဌေး
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်

ကျွန်တော့် အလုပ်အကိုင်က ကိုင်းလုပ်တယ်။ ဖောကားလေး၊ အရစ်ကျ ဝယ်လိုက်တယ်။ ၁၃ဧသိန်း ပေးရတယ်။ အပြင်ပေါက်ဈေးထက် အများကြီး သက်သာတယ်။ ကောက်ပင်သီးနှံ၊ ပဲမျိုးစုံ၊ စပါး၊ နောက်ပြီး ကျောက်၊ သဲတိုက်တာ အဆင်ပြေတယ်။ ဒီကောင်က လှန်ချလို့ရတယ်လေ၊ မဝယ်ခင်ကသူများဆီက ဈေးအမြင့်ပေးပြီးတိုက်ရ၊ ငှားရတာပေါ့။ ကျောက်တိုက်၊ ပဲတိုက်၊ ကုန်ကြမ်းတိုက်မယ်။ အခါတိုင်းလို ဈေးကြီးမပေးရတော့ဘူး၊ အကျိုးအများကြီး ရှိမယ် အောက်မေ့တာပဲ။ မြို့နယ်သမဝါယမနဲ့ချိတ်ဆက်ပြီး ဝယ်တာပါ။ အရင်က သူများဆီကငှားရတယ်။ ဈေးကြီးတယ်။ အခုတော့ ဝယ်ဈေးလည်းသက်သာတယ်။ ကိုယ်ပိုင်လည်းဖြစ်တာပေါ့။ အခုကိုယ်က ပြန်ပြီး အငှားလိုက်မယ်လေ။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြုလုပ်ခဲ့သော အဆိုပါအခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနသည် အခြေခံပြည်သူများအတွက် ၂၀၁၄ ခုနှစ် မိုးသီးနှံ အသေးစားချေးငွေ ကျပ်သိန်းပေါင်း ၆၇၀၀၅ သိန်း၊ အရစ်ကျရောင်းချသည့်စနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာ ၅၉၃ စီး၊ အပ်ချုပ်စက်၊ သုံးဘီးဆိုင်ကယ်နှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာ ၂၃၅ ခုတို့အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

သမဝါယမ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် အခြေခံဖြစ်သော အသေးစား ငွေစုငွေချေးလုပ်ငန်းနှင့် သမဝါယမအသင်းများအဆင့်မြှင့်

တင်ပြီး တိုင်းပြည်စီးပွားရေးကို အထောက်အကူ ပြုနိုင်အောင် ဦးတည်ချက် (၂) ရပ်၊ လုပ်ငန်းစဉ် (၅) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များအရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအတွက် သမဝါယမဝန်ကြီးဌာနသည် အခြေခံပြည်သူများအတွက် ချေးငွေများထုတ်ချေးရာတွင် ယခင်နှစ်များတွင်ယူသည့် အတိုးနှုန်း ၂ ကျပ် ပြား၅၀ အစား ယခုနှစ်ထုတ်ချေးသော ချေးငွေများအပေါ်တွင် ၁ကျပ် ပြား ၃၀ သာ သတ်မှတ်၍ ယူဆောင်တော့မည်ဖြစ်သည်။

■ *ကျောဖုံးမှ*

စာစစ်ဌာနကျောင်းအသီးသီး၌ အောင်စာရင်းများကပ်၍ ကြည့်ရှုနိုင်သည့်အခါ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားကြည့်ရှုကြပြီး အောင်သူများ ပြုံးပျော်ကြသည်ကို တွေ့ရသည်။ အောင်စာရင်းတွင် အမည်မပါသူများ မျက်နှာမကြည်မသာဖြစ်ကြရပြီး အကြည့်မှား၍ မိမိနာမည် မတွေ့ရခြင်းဖြစ်သည်ဟုယူဆကာ ထပ်တလဲလဲ ရှာဖွေကြည့်ရှုသူများကိုလည်း တွေ့ရသည်။ အချို့ကျောင်းသား ကျောင်းသူများမှာ မိဘအုပ်ထိန်းသူများကိုယ်တိုင်လိုက်ပါ၍ အောင်စာရင်းကြည့်ကြသည်ကို တွေ့ရသည်။

လာရောက်ကြည့်ရှု

အထက(၁)အင်းစိန်၊ အထက(၁) ရန်ကင်း၊ အထက(၃)ကမာရွတ်၊ အထက(၁)လမ်းမတော်၊ အထက(၂)ဒဂုံနှင့် အထက(၁)သင်္ဃန်းကျွန်းတို့၌လည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ကြေညာထားရာ ရန်ကုန်မြို့ရောက် ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။

အောင်စာရင်းတွင် ပါသူများအနေဖြင့် မိမိအောင်မြင်သည်ကို မိသားစုများအား ဝမ်းသာအားရ ပြနိုင်ရေးအတွက် လက်ကိုင်တယ်လီဖုန်းများဖြင့် ရိုက်ယူကြသည်ကိုလည်းတွေ့ရသည်။ ယနေ့နံနက် ၆ နာရီခန့်တွင် လမ်းအသီးသီး၌ စာမေးပွဲအောင်သူ၊ ရှုံးသူများ၏အခြေအနေများ အပြန်အလှန် အသိပေးပြောကြားနေမှုများကိုလည်း ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် လမ်းအသီးသီးတွင် ကြားသိရသည်။

၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ စုစုပေါင်းဖြေဆိုသူ ၅၄၁၉၄၆ဦးအနက် ၁၇၁၆၄၇ဦး အောင်မြင်ကြောင်းနှင့် အောင်ချက် ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နေ့ချင်းပြီးထုတ်ပေး

" စာမေးပွဲအောင်မြင်သူများ၏ အမှတ်စာရင်းများကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ဇွန် ၁၃ ရက် သောကြာနေ့မတိုင်မီနေ့ချင်းပြီး ထုတ်ပေးသွားမယ်။ အမှတ်စာရင်းလာထုတ်တဲ့သူများနေတဲ့ကာလမှာတော့ အောင်လက်မှတ်တွေထုတ်မပေးပါဘူး။ အမှတ်စာရင်းထုတ်တဲ့သူ နည်းသွားတာနဲ့ အောင်လက်မှတ်ဆက်ထုတ်ပေးသွားမှာပါ" ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ပြောပြသည်။ **ခင်ချိုဝင်း**

၂၀၁၄ ခုနှစ်
ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့
" Invest in the future, Defeat Malaria"
" အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံ၊ ငှက်ဖျားရောဂါနှိမ်နင်းရန် "
ကျန်းမာရေးဝန်ကြီးဌာန

❖ *ကျောဖုံးမှ*

လျှောက်ထားခဲ့ရာ အလှမယ် ၁၅၀ ကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းတို့အနက်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်ရွေးချယ်ခဲ့ရာ ယခုအခါ မြန်မာအလှမယ် ၄၂ ဦး ရရှိခဲ့သည်။

အဆိုပါ အလှမယ် ၄၂ ဦးအနက် အကဲဖြတ်ဒိုင်လူကြီးများက စစ်ဆေးရွေးချယ်ခဲ့ရာ တစ်ဦးချင်း စိတ်ကြိုက်ကိုယ်ဟန်ပြခြင်း၊ လမ်းလျှောက်ခြင်း၊ စင်မြင့်ထက်၌ အလှမယ်တစ်ဦးချင်းအား မေးခွန်းများမေးမြန်းခြင်း ပြုလုပ်ကာ အကဲဖြတ်အမှတ်ပေး ရွေးချယ်ပြီး ဆန်ခါတင်အလှမယ် ၂၀ အား ရွေးချယ်လိုက်ကြသည်။

ရွေးချယ်သွားမည်

ယခုရွေးချယ်ခံရသည့် အလှမယ်များသည် ရန်ကုန်၊ မန္တလေး၊ ကချင်၊ ကရင်စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှဖြစ်ကြပြီး စိတ်အားထက်သန်စွာ လာရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ပဏာမ ရွေးချယ်ခံရသည့် အလှမယ် ၂၀ အနက် နောက်ဆုံးအလှမယ်ငါးဦးကို လာမည့်ဇူလိုင်လအတွင်း ပြိုင်ပွဲထပ်မံကျင်းပကာ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်သည်။

Miss Golden Land Myanmar Organization က ကြီးမှူးကျင်းပသည့် Miss Golden Land Myanmar 2014 ပြိုင်ပွဲသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးနှင့် အောင်မြင်မှုအရဆုံးဖြစ်သော နိုင်ငံတကာအလှမယ် ပြိုင်ပွဲများဖြစ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်ကို ကူညီမည့် Miss Earth 2014 ပြိုင်ပွဲ၊ HIV-AIDS ရောဂါ ပညာပေးအစီအစဉ်ကို အကူအညီပေးမည့် Miss Supranational 2014 ပြိုင်ပွဲတို့အား မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ရ

တစ်ဖန် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာပေါ်ရှိ စစ်ပွဲများရပ်တန့်ရေးအစီအစဉ်များတွင် ကူညီပေးမည့် Miss Grand International 2014 ပြိုင်ပွဲ၊ မိဘမဲ့ကလေးနှင့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးအစီအစဉ်များကို ကူညီပေးမည့် ပြိုင်ပွဲနှင့် Face of Beauty International 2014 ပြိုင်ပွဲများတွင် ရွေးချယ်ခံရသည့် အလှမယ်များက မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် Miss Myanmar အဖြစ်တစ်နှစ်အတွင်း Miss Golden land Myanmar Organization နှင့်အတူ လူမှုအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရန်သံတမန်တစ်ဦးအဖြစ် ခန့်အပ်တာဝန်ပေးမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဆီဆိုင်မြို့နယ် နားသံကျေးရွာ၌ လေပြင်းတိုက်ခတ်၊ မိုးသည်းထန် နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်း အမိုးလန်ပျက်စီး

ဆီဆိုင် ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စု နားသံကျေးရွာတွင် ဇွန် ၄ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၂ လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အမိုးများလန်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ လေဘေးသင့်ကျေးရွာများသို့ ဇွန် ၅ ရက် နံနက် ၈နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးမှ လူမှုရေးတာဝန်ခံ ဦးခွန်မောင်ပယ်က ငွေကျပ် ငါးသိန်းလှူဒါန်းထောက်ပံ့ပေးခဲ့သည်။ ဆက်လက်၍ ညနေ ၄ နာရီက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်း၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးခွန်သန်းထူး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့တို့က ငွေကျပ် သုံးသိန်းငါးသောင်းကို ကျေးရွာဘဏ္ဍာထိန်း ဦးခွန်ဟိုင်ထံသို့ပေးအပ်ခဲ့ကြောင်းသိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

ဝမ်းမြောက်ဂုဏ်ယူ

မြန်မာ့အလင်းသတင်းစာတိုက်၏ တာချီလိတ်မြို့နယ် သတင်းထောက် ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး)၏ သမီးဖြစ်သူ မနှင်းလဲ့ရည်အောင် (ခုံအမှတ်-ဆလသ-၁၁၂)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သင်္ချာဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်
မြို့နယ်သတင်းထောက်များ
လူမှုကူညီရေးအဖွဲ့

ကယားပြည်နယ်မီးသတ်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ် ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၏ ကယားပြည်နယ်အတွင်းဆောင်ရွက်မည့် (၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး၊ ပြင်ပရေနှင့် လျှပ်စစ်မီးရရှိရေး လုပ်ငန်း(၂)ခု တည်ဆောက်ရန်နှင့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်ပစ္စည်း ကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာတို့အား ဝယ်ယူရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၄ ရက်နေ့မှစတင်ပြီး အောက်ပါအတိုင်းဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းချ/ တင်သွင်းရမည့်ရက်** - ၉-၆-၂၀၁၄ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၇-၇-၂၀၁၄ ရက်
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ
(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ လွိုင်ကော်မြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၈၃-၂၁၅၀၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊
ကယားပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်
အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအောက်ရှိ
ဖားဆောင်းမြို့နယ်ဦးစီးဌာနမှူးရုံး အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအောက်ရှိ ဖားဆောင်းမြို့နယ်ဦးစီးဌာနမှူးရုံး အဆောက်အအုံဆောက်လုပ်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၄ ရက်မှစတင်ပြီး ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် ဝယ်ယူ၍ အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါစတင်ရောင်းချ/ တင်သွင်းရမည့်ရက်** - ၉-၆-၂၀၁၄ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၇-၇-၂၀၁၄ရက်
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ
(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၊ လွိုင်ကော်မြို့

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၈၃-၂၁၀၆၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ခြံငှားမည်။
အောင်ဇေယျလမ်းပေါ်၊
ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်
75' X 120'
RC နှစ်ထပ်တိုက်(2)လုံး+ဖုန်းပါ
အရှေ့မြောက်လယ် 75' ပတ်လည်ရှိသည်
ဆက်သွယ်ရန်ဖုန်းနံပါတ်- [illegible]

ဖရူဆိုမြို့နယ် ဟိုယာ-ခါဘယ်-ကေကောဒေသရှိ ထူးချောင်းတံတားတည်ဆောက်

လွိုင်ကော် ဇွန် ၇

ကယားပြည်နယ် ဖရူဆိုမြို့နယ် ဟိုယာ-ခါဘယ်-ကေကောဒေသရှိ ဒေသခံ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် ဟိုယာ-ခါဘယ်-ကေကောလမ်းပေါ်ရှိ အဓိကတံတားဖြစ်သည့် ထူးချောင်းဖြတ်ကျော် အရှည်ပေ ၁၆၀ ရှိ သံကူကွန်ကရစ်တံတားကိုဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် ဆောက်လုပ်လျက်ရှိရာ အဆိုပါတံတားဆောက်လုပ်ပြီးစီးပါက ကေကောဒေသနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူခြင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅)ဖွင့်မည်

ရန်ကုန် ဇွန် ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/ လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅)ကို ၂၀၁၄ ခုနှစ် ဇွန် ၃၀ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နံနက် ၉ နာရီခွဲမှ ၁၂ နာရီခွဲထိ လေးလကြာမြင့်မည်ဖြစ်သည်။

သင်တန်းဝင်ခွင့်လျှောက်လွှာများကို အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမ၌ ဇွန် ၉ ရက်မှ စတင်၍ လာရောက်ရယူနိုင်ကြောင်းနှင့် နေရာကန့်သတ်ချက်ရှိ၍ သင်တန်းသားအရေအတွက် ကန့်သတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

နယ်သာလန်နိုင်ငံဝန်ကြီး မန္တလေးမြို့ ဧရာဝတီမြစ်ကြောင်းလေ့လာ

မန္တလေး ဇွန် ၇

နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Ms.M.H.Sthultz van Haeden-Maas Geester amus သည် ဇွန် ၅ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ဧရာဝတီမြစ်ကြောင်း မင်းကွန်းဘက်သို့ ပေါ်တူးအထူးရေယာဉ်ဖြင့် လိုက်လံကြည့်ရှုလေ့လာခဲ့သည်။

မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံတို့အကြား ရေအရင်းအမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် နှစ်ဦးနှစ်ဖက် MoU လက်မှတ်ရေးထိုး၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ ခရီးစဉ်တွင် နယ်သာလန်ဝန်ကြီးသည် မန္တလေး-မင်းကွန်းဝန်းကျင် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှုလေ့လာခဲ့သည်။

"နယ်သာလန်နိုင်ငံဟာ ပင်လယ်ရေမျက်နှာပြင်အောက်က နိုင်ငံတစ်ခုဖြစ်ပြီး မြစ်ကြီးလေးသွယ်ရှိပါတယ်။ ကျွန်မတို့ ရေကြီးရေလျှံဖြစ်စဉ်တွေ ဘယ်လိုကာကွယ်မလဲ၊ မြစ်တွေကို ဘယ်လို ထိန်းသိမ်းမလဲဆိုတာတွေ သိရှိထားတယ်။ အဲဒီကတစ်ဆင့် နည်းပညာတွေပေးသွားမှာဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးအတွက် မြန်မာနိုင်ငံမှာ ငါးရက်ကြာ လည်ပတ်မှာပါ"ဟု နယ်သာလန်ဝန်ကြီးက မင်းကွန်းခရီးစဉ်တွင် ပြောကြားသည်။

ရေအရင်းအမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်နှင့် ပတ်သက်၍ကြည့်ရှုလေ့လာနိုင်အောင် စီစဉ်ထားရှိပြီး မြန်မာနိုင်ငံနှင့် MoU အရ ရေအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်းများကို နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးရေးသာမက ပဏာမ Pilot စီမံကိန်းများမှတစ်ဆင့် Master Plan များရေးဆွဲကာ မြစ်ကြောင်းနှင့် သက်ဆိုင်သည့် အရင်းအမြစ်များအဖြစ် အကျိုးပြုစီမံကိန်းများ လုပ်ဆောင်ရန် ရည်ရွယ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

လူကုန်ကူးမှုတားဆီးရေး
ဝိုင်းဝန်းကူညီ
ဆောင်ရွက်ပေး

အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၇

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ကောက်ပံ့ကူညီမှုဖြင့် တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတစ်ရွာတွင် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာတစ်လုံး ပေးအပ်နိုင်ရေး စီမံချက်အရ ပူတာအိုခရိုင်အတွင်း ကျေးရွာများသို့ အရေးပေါ်သုံးမြန်မာတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားကာ ပြည်နယ်တိုင်းဆေးပညာဦးစီးဌာနမှူး ဦးလှစည်တို့က တိုင်းရင်းဆေးသေတ္တာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၈၃ ရွာသို့ တိုင်းရင်းဆေးသေတ္တာများ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

မိုးဃံကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမြို့မြို့အနယ်နယ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု

သန်လျင်မြို့နယ်တွင် ဖြေဆိုသူ ၂၈၉၅ ဦးရှိပြီး အောင်မြင်သူ ၈၂၂ ဦး အောင်ချက်ရာခိုင်နှုန်းမှာ ၃၀ ဒသမ ၇၈ ရာခိုင်နှုန်း ဖြစ်ပြီး ဘာသာစုံဂုဏ်ထူးရှင် ငါးဦး ထွက်ပေါ်ခဲ့သည်။ သန်းဝင်း(သန်လျင်)

မြန်အောင်

မြန်အောင်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုမှာ တစ်မြို့နယ်လုံး အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၈၂ ဖြစ်ပြီး ဘာသာစုံ ဂုဏ်ထူးရှင် တစ်ဦး ထွက်ပေါ်ခဲ့သည်။

နေဝင်းဇော် (မြန်အောင်)

ဆိပ်ဖြူ

ဆိပ်ဖြူမြို့နယ်တွင် ၁၉၄၁ ဦး ဖြေဆိုခဲ့ရာ ၄၂၉ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိကာ ဘာသာစုံ ဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်ခဲ့သည်။ **စိုးလင်းနိုင်(iprd)**

လှိုင်သာယာ

လှိုင်သာယာမြို့နယ်တွင် ၆၀၁၂ ဦး ဖြေဆိုခဲ့ရာ ၁၇၅၃ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်း မှာ ၂၉ ဒသမ ၁၆ ဖြစ်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

တိုက်ကြီး

တိုက်ကြီးမြို့နယ်တွင် ၃၁၄၆ ဦး ဖြေဆိုခဲ့ရာ ၁၁၄၅ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၉ ဒသမ ၃၆ ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ရွှေပြည်သာ

ရွှေပြည်သာမြို့နယ်တွင် ၄၅၇၄ ဦး ဖြေဆိုခဲ့ရာ ၁၁၉၆ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၂၆ ဒသမ ၁၅ ဖြစ်ကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ယင်းမာပင်

ယင်းမာပင်မြို့နယ်တွင် ၂၄၄၄ ဦး ဖြေဆိုခဲ့ရာ ၅၂၄ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင် နှုန်းမှာ၂၁ ဒသမ ၄၄ ဖြစ်ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

မိတ္ထီလာ

မိတ္ထီလာမြို့နယ်တွင် ၄၆၅၄ ဦး ဖြေဆို ခဲ့ရာ ၁၇၂၅ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်း မှာ ၃၇ ဒသမ ၀၆ ဖြစ်ကာ ဘာသာစုံဂုဏ်ထူးရှင် သုံးဦး ထွက်ပေါ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

မိုးညှင်း

မိုးညှင်းမြို့နယ်တွင် ၄၁၇၂ ဦး ဖြေဆို ခဲ့ရာ ၁၅၁၂ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၆ ဒသမ ၂၄ ဖြစ်ကာ ဘာသာစုံဂုဏ်ထူးရှင် ရှစ်ဦး ထွက်ပေါ်ခဲ့သည်။

ကေဆိုင်းနော်(ဖားကန့်)

ဟုမ္မလင်း

ဟုမ္မလင်းမြို့နယ်တွင် ၂၀၁၁ ဦး ဖြေဆိုရာ ၃၂၃ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၁၆ ဒသမ ၀၆ ဖြစ်ကြောင်း သိရသည်။ **လင်းလင်း**

မင်းလှ

မင်းလှမြို့နယ်တွင် ၁၁၃၂ ဦး ဖြေဆိုခဲ့ရာ အောင်မြင်သူ ၂၇၃ ဦး ဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၂၄ ဒသမ ၁၂ ရှိကြောင်း သိရသည်။

ကိုသက်(iprd)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၁၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၆၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၈၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၈
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၈
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၈
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၆
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၀၀၀၀-၂၀၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၅၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၄၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၈၅၀-၁၅၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၂၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၃၀-၆၄၀
ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၅၀၀-၂၁၅၀
ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဇေ့ဝင်းတင်ပြသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စက်စက်ယို ဧက ၉၀၀ တောင်သူပညာပေး စံပြစိုက်ကွင်း၌ ဇွန် ၄ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကာ သိပ္ပံနည်းကျ (G.A.P) စိုက်ပျိုးနည်းစနစ်ဖြင့် စနစ်တကျကွင်းဆင်းလက်တွေ့သရုပ်ပြသခြင်းကို ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်အားပေးပြီး ပညာရှင် ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လေ့လာရေးရောက်ရှိလာသည့် တောင်သူများကို လက်တွေ့သင်ကြားပြသစဉ်။ ကိုပေါက် (ဥက္ကာမြေ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
မန္တလေး-မြစ်ကြီးနားလမ်းပိုင်းပြေးဆွဲလျက်ရှိသည့် အမှတ် (၃၇)အဆန်၊ (၃၈)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့် အကျိုးတူစင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းပြေးဆွဲနေသည့် အမှတ် (၃၇)အဆန်၊ (၃၈)အစုန်အမြန်ရထားအား အကျိုးတူ စင်းလုံးငှားစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ (၁)နှစ်(၁)ကြိမ်စာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (စီးပွားရေးဌာန) မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၃-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို တစ်စုံလျှင် ကျပ် ၃၀၀၀ဝိ/-ဖြင့် ၉-၆-၂၀၁၄ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)အမှတ်(၁)တိုင်း-မြစ်ကြီးနား၊ မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ် (၃)တိုင်း-မန္တလေး၊ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး မြန်မာ့မီးရထားရုံးချုပ်/ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၅၄တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ပျောက်ဆုံး

ကျွန်တော်မောင်ဇော်မျိုးထွန်း ၁၄/ ဘကလ(နိုင်)၂၅၂၄၈၀၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၈၈၀၃၀၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲလျက်ရှိသည့် အမှတ် (၁၁)အဆန်၊ (၁၂)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့်အကျိုးတူ စင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲနေသည့် အမှတ် (၁၁)အဆန်၊ (၁၂)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို(၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ (၁)နှစ်(၁)ကြိမ်စာချုပ် ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (စီးပွားရေးဌာန) မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၃-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို တစ်စုံလျှင် ကျပ် ၃၀၀၀ဝိ/-ဖြင့် ၉-၆-၂၀၁၄ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)အမှတ်(၃)တိုင်း-မန္တလေး၊ မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ် (၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး မြန်မာ့မီးရထားရုံးချုပ်/ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၅၄တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးအောင် ၁၂/ဒပန(နိုင်)၀၂၅၅၂၂ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ-၁၊ တိုက်(ဘီ)၊ အခန်းအမှတ်(၃၂၂)၊(၃၂၃) တိုက်ခန်းနှစ်ခန်း၏ တော်ဝင်မိသားစု ကုမ္ပဏီမှထုတ်ပေးထားသော စည်းကမ်းချက်စာအုပ်နှစ်အုပ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အခန်းပိုင်ရှင်သို့ ဆက်သွယ်ပေးရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးအောင် ၁၂/ဒပန(နိုင်)၀၂၅၅၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သောJICA ODA LOAN ဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်သည့် အောက်ဖော်ပြပါ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းအား အရည်အချင်းကြိုတင်စစ်ဆေးခြင်းနည်း (Prequalification Method)ဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

စဉ်	လမ်းအမည်	လုပ်ငန်းအမျိုးအစား
၁။	ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း (ဧရာဝတီတိုင်းဒေသကြီး) ၂၄ မိုင်	ကတ္တရာကွန်ကရစ်လမ်း
၂။	တရနာ-ဘုရားကုန်းလမ်း(မွန်ပြည်နယ်)(၃၀)မိုင်	ကတ္တရာလမ်း

၂။ **တင်ဒါအတွက် Prequalification ပုံစံရောင်းချမည့်ရက်** - ၅-၆-၂၀၁၄ရက်မှ ၁၃-၆-၂၀၁၄ ရက်

၃။ **ကုမ္ပဏီ၏အချက်အလက်ပုံစံ တင်ပြရန်ရက်** - ၂၃-၆-၂၀၁၄ရက်မှ ၃၀-၆-၂၀၁၄ရက်

၄။ **သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော ကုမ္ပဏီများအတွက် တင်ဒါပုံစံပေးမည့်ရက်** - ၂၈-၇-၂၀၁၄ရက်မှ ၃၁-၇-၂၀၁၄ရက်

၅။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၉-၂၀၁၄ရက် (တစ်ရက်တည်းသာ)

၆။ **တင်ဒါဖွင့်မည့်ရက်** - ၁၁-၉-၂၀၁၄ရက် မွန်းလွဲ ၁း၀၀ နာရီ

၇။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
လမ်းဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၄၆၈၊ ၄၀၇၅၇၈၊ ၄၀၇၆၀၃၊ ၄၀၇၅၈၃၊ ၄၀၇၃၈၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ရွှေ ဇွန် ၇

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၅ ရက် နံနက်ပိုင်းက အင်းလေးကန်အတွင်းသို့ အဓိက စီးဝင်သည့် နမ့်လတ်ချောင်းနှင့် ညောင်ရွှေမြို့တွင်း ဖြတ်သန်းစီးဆင်းသည့် မိုင်းလီချောင်းတစ်လျှောက် ဘေးဝဲယာရှိ ပလတ်စတစ်နှင့် အမှိုက်များကို မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ပြည်သူ ၅၀၀ ခန့်က ကောက်ယူ၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းပါဝင်

"အင်းလေးကန် ဒေသကို ခြိမ်းခြောက်မှုဟာ ပလတ်စတစ်အမှိုက်များ ဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်များကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ရှင်းလင်းလုပ်ဆောင်လို့မရဘဲ အများပါဝင်ဆောင်ရွက်နိုင်မှ ဒီအခက်အခဲကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအားလုံး ထိန်းသိမ်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်"ဟု အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

ရှင်းပြ

ကုလသမဂ္ဂ၏ ကမ္ဘာ့အမွေအနှစ်ဒေသစာရင်းဝင်အဖြစ် သတ်မှတ်ထားရှိသော အင်းလေးကန်သည် ယခင်က ရေကန်ကျယ်ကြီးအဖြစ်မှ ယခုအခါ ကန်အတွင်းနှင့် ကန်ပြင်ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ရှိလာကြောင်း၊ ဒေသနေပြည်သူများ၏ ပူးပေါင်းထိန်းသိမ်းမှုမှာလည်း အားနည်းနေသေးကြောင်း၊ ချေဖျက်ရန်ခက်ခဲသော ပလတ်စတစ်နှင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိပါက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့်အပြင် ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါများပါ သေဆုံးနိုင်ကြောင်း၊ စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစိတ်ဝင်စားသူတစ်ဦးက ရှင်းပြသည်။

နေမျိုးသူရိန်

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက်တွင် တတိယအကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ အသက်(၈၀)နှစ်အထက် အဘိုးအဘွား ၉၉ ဦးအား ပူဇော်ပွဲကို သီရိလမ်းသီရိမင်္ဂလာဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ထွန်းနှင့် ရပ်မိရပ်ဖများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ မီးမီးလှိုင်

စားဝတ်နေရေး ပြည့်စုံရေး မီးဘေးမပေါ်နှင့်

ရွှေထည်ပစ္စည်းများ ဝင်ရောက်ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၇

ကမာရွတ်မြို့နယ်နေ မအိအိခင်သည် နေအိမ်မှ စမ်းချောင်းမြို့နယ်ရှိ သင်တန်းသို့ မေ ၁၁ နံနက် ၇ နာရီက သွားရောက်တက်စဉ် မွန်းလွဲ ၁၂ နာရီ ၅၂ မိနစ်၌ နေအိမ်နောက်ဖေးတံခါး ပွင့်နေကြောင်း သိရ၍ ပြန်လာပြီးကြည့်ရှုစစ်ဆေးရာ နေအိမ်အတွင်းရှိ ပစ္စည်းများပြန့်ကျဲနေပြီး ဗီရိုအတွင်းမှ ငွေကျပ် ၁၄ သိန်းနှင့် ရွှေထည်လက်ဝတ်ရတနာပစ္စည်းကိုးမျိုး စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၄၀ ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် စုံစမ်းအရေးယူပေးပါရန် တိုင်တန်းချက်အရ ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုံစမ်းဆောင်ရွက်

အဆိုပါ အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ အမှုမှ ပြစ်မှုကျူးလွန်သည်ဟု စုံစမ်းအတည်ပြုရရှိသူ လှိုင်မြို့နယ်နေ အငယ်လေး(ခ)ကျော်ဝင်းခိုင် (၁၈ နှစ်)ကို ဇွန် ၃ ရက်နံနက် ၂ နာရီက ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ၎င်းအားစစ်ဆေးရာ ယင်းနေ့ ၁၂ နာရီခန့်က အခင်းဖြစ်အိမ်ရှေ့ အုတ်တံတိုင်းကို ကျော်တက်ကာ နေအိမ်နောက်ဖေးတံခါးမကြီးအား လေးသံချောင်းဖြင့် ကန့်လန့်ဖွင့်ကာ အတွင်းသို့ ဝင်ရောက်ပြီး အမှုမှ ပျောက်ဆုံးပစ္စည်းများကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ် ရရှိခဲ့သဖြင့် အမှုမှပျောက်ဆုံးသွားသော ရွှေထည်လက်ဝတ်ရတနာပစ္စည်းများကို ၎င်းထံမှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး အမှုဖွင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ကျောက်တံခါး၌ မီးလောင်

ကျောက်တံခါး ဇွန် ၇

ကျောက်တံခါးမြို့နယ် တောကျွဲအင်းရဲစခန်း တောင်ဘက် နှစ်မိုင် ၆ ဖာလုံအကွာ တောကျွဲအင်းကျေးရွာအုပ်စု ရွှေပြည်အေးရွာတောင်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၂၄ အရှေ့ဘက် လယ်ကွင်းအတွင်း ဇွန် ၆ ရက် နံနက် ၆ နာရီခန့်ကဦးဂျန်ဒူး (၃၈ နှစ်) ပြည်တော်သာ ၁ လမ်း ပဲခူးယ်ကုန်းမြို့နေသူ၏ လက်ပံသားအမှုန့်ကြိတ်လုပ်ငန်းအဆောက်အအုံတဲတွင် ဦးဂျန်ဒူးက နံနက်စာ ထမင်းချက်ရာမှ မီးကူးစက်လောင်ကျွမ်းပြီး ကျောက်တံခါးမြို့ မီးသတ်ဦးစီးမှူး ဦးခုတ်ဆောင်းပြောင်ပါ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်ယာဉ်သုံးစီးနှင့် ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ဇွန် ၆ ရက် နံနက် ၆ နာရီခွဲက မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် လူတိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မီးပေါ့ဆစွာအသုံးပြုသူ ဦးဂျန်ဒူးအား တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

ကြော်ငြာ

MCC
တွင်နိုင်ငံတကာ တက္ကသိုလ်များမှ
ချီးမြှင့်မည့် ဘွဲ့သင်တန်းများတက်နိုင်ပြီ
MCC.i
MCC.i
BIT
University of Greenwich
(ကွန်ပျူတာ သိပ္ပံဘွဲ့)
B.Sc (Hons) Business IT
Awarded by:
University of Greenwich (UK)
BBA
(စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့)
Bachelor of Business Administration
B.B.A (International Business)
နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
B.B.A (Hotel and Tourism)
ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့
Awarded by: Siam University
B.Tech
edexcel
BTEC
(အင်ဂျင်နီယာဒီပလိုမာ)
Diploma in Civil Engineering
Diploma in Mechanical Engineering
Diploma in Electrical and Electronic Engineering
HND Diploma
Middlesex University (UK)
Opening Date: 23 June 2014
Central Equiry & Registration
Pls call : Hot Line - 246634, 2304156
Yangon Campus Ph - 01-245762, 249152, 395512, 246634
Mandalay Campus Ph - 02-77930, 09-91034062, 09-402671562
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132
Hostel

ဥပဒေ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အခန်း (၇)

နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တားဆီးနှိမ်နင်းခြင်း

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ ပြစ်မှုမြောက်သည်-

(က) သူတစ်ဦးဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့် မညီညွတ်သောဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သောဆောင်ရွက်မှုကို မပြုစေရန်သော်လည်းကောင်း၊ သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း သို့မဟုတ် ထိုသို့တစ်စုံတစ်ရာ ဖြစ်စေရန်သော်လည်းကောင်း နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များကို တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှု၊

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့်နျူကလီးယား လက်နက်များကို ခိုးယူမှု၊ လုယက်မှု၊ အလွဲသုံးစားပြုမှုနှင့် လိမ်လည်အတုပြုလုပ်မှု၊

(ဂ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (တ) ပုဒ်မခွဲငယ် (၁)ပါ နျူကလီးယားအဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှု၊

(ဃ) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်အလို့ငှာ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(င) ခြိမ်းခြောက်၍ ဖြစ်စေ၊ အတင်းအဓမ္မ အင်အားအသုံးပြု၍ ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင် ခြိမ်းခြောက်၍ဖြစ်စေ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယားအဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တောင်းဆိုမှု၊

(စ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (င)ထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် နျူကလီးယားအဆောက်အအုံဆိုင်ရာ ပြစ်မှုမြောက်သည်-

(က) နိုင်ငံတော်၏ နယ်နိမိတ်အတွင်းရှိ နျူကလီးယားအဆောက်အအုံကို တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း မပြုဘဲ သူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန်နာကျင်စေရန်၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့တစ်စုံတစ်ရာဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို သိလျက်နှင့် ထုတ်လွှတ်ခြင်း သို့မဟုတ် ထုတ်လွှင့်စေခြင်းဖြင့် နျူကလီးယား အဆောက်အအုံများကိုဖြစ်စေ၊ ယင်းအဆောက်အအုံများ၏ လည်ပတ်ဆောင်ရွက်မှုများကိုဖြစ်စေ ထိခိုက်စေသည့် ညွှန်ကြားမှု၊

(ခ) ပုဒ်မခွဲ (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဂ) ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မအင်အားအသုံးပြု၍ ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ခြိမ်းခြောက်၍ ဖြစ်စေ နျူကလီးယား အဆောက်အအုံကို တောင်းဆိုမှု၊

(ဃ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (ဂ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၁။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် နျူကလီးယားဒြပ်ပစ္စည်းများနှင့် နည်းပညာတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့်သတ်မှတ်၍ လိုအပ်သော အစီအမံများချမှတ်ပြီး ယင်းလုံခြုံမှုအစီအမံများနှင့်အညီဖြစ်စေရန် ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းချုပ်ရမည်။

၂၂။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယားသယ်ယူပို့ဆောင်မှု ပြုနေစဉ်ကာလအတွင်း ပုဒ်မ ၂၁ အရ သတ်မှတ်ထားသော အမျိုးအစားနှင့်အဆင့်အလိုက် ဘေးကင်းလုံခြုံမှု အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှ အာမခံချက်များမရရှိလျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (တ) ပုဒ်မခွဲငယ် (၁) ပါ နျူကလီးယား အဆောက်အအုံများကို-

(က) ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်းမပြုရ၊

(ခ) ပြည်ပမှတင်သွင်းရန် ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်းမပြုရ၊

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကို သော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်မှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

၂၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်တမင်ကျူးလွန်လျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲငယ် (၁)ပါ နျူကလီးယားအဆောက်အအုံများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်-

(က) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲငယ် (၁) ပါ နျူကလီးယား အဆောက်အအုံကို ပုဒ်မ ၂၁ အရ သတ်မှတ်သည့် ဘေးကင်းလုံခြုံမှု အစီအစဉ်များနှင့်မကိုက်ညီဘဲ ပြည်တွင်းသို့ တင်သွင်းမှု၊ ပြည်ပသို့ တင်ပို့မှု၊ နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်သယ်ယူပို့ဆောင်မှု၊ နိုင်ငံတော်ကို ဖြတ်သန်း၍ သို့မဟုတ် နိုင်ငံတော်မှတစ်ဆင့် သယ်ယူပို့ဆောင်မှု၊

(ခ) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဓာတ်ရောင်ခြည်အန္တရာယ်တိုးမြင့်ကာကွယ်ထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် မဟုတ်ဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယား အဆောက်အအုံများကို လည်းကောင်း၊ နျူကလီးယားဆိုင်ရာ နည်းပညာကို လည်းကောင်း လွှဲပြောင်းပေးမှု။

၂၄။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် နျူကလီးယား အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုမြောက်သည်-

(က) သူတစ်ဦးဦးကို သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်သော် လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေရန်သော်လည်းကောင်း ရည်ရွယ်၍-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာကို အသုံးပြု၍ တစ်နည်းနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုမှု၊ လက်ဝယ်ထားမှု သို့မဟုတ် ပြုလုပ်မှု၊

(၂) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာ၊ နျူကလီးယား အဆောက်အအုံကို အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ဖြစ်စေ တစ်နည်းနည်းဖြင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လွှင့်မှု သို့မဟုတ် ဓာတ်ရောင်ခြည်များ ပျံ့လွင့်စေမှု၊

(ခ) သူတစ်ဦးဦးကို ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီသော ဆောင်ရွက်မှုကို မပြုနိုင်စေရန် အတင်းအဓမ္မပြုလုပ်၍ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာ၊ နျူကလီးယား အဆောက်အအုံကို အသုံးပြုမှု၊

(ဂ) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၅။ (က) သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှုပြုရာတွင် အောက်ပါကိစ္စရပ်များအတွက် ပြည်ပနိုင်ငံများနှင့်တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်ရမည်-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား လုံခြုံမှုအစီအမံများနှင့် စနစ်များထားရှိရေးနှင့် အကာအကွယ်ပေးရေး၊

(၂) နျူကလီးယားဒြပ်ပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန်နှင့် နျူကလီးယားအဆောက်အအုံများအား နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှု အစီအမံများ ပြုလုပ်ရေး၊

(၃) နျူကလီးယား အဆောက်အအုံများ နှောင့်ယှက်ဖျက်ဆီးမှု ဖြစ်ပွားပါက ရေဒီယိုသတ္တိကြွမှုများ လျော့နည်းနိုင်သမျှ လျော့နည်းစေရန် စီမံထားရှိရေး၊

(၄) နျူကလီးယားဒြပ်ပစ္စည်းတစ်မျိုးမျိုး ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ထိုပစ္စည်းကို ပြန်လည်ရရှိရေး။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ရရှိသော သတင်းအချက်အလက်များကိုလည်းကောင်း၊ ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှားဆောင်ရွက်မှုများကို လည်းကောင်း လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ရမည်။

၂၆။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည်-

(က) ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားဒြပ်ပစ္စည်းများနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲငယ် (၁) ပါ နျူကလီးယား အဆောက်အအုံများကို အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းတွင်သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းတို့အပေါ်တွင်လည်း သက်ရောက်သည်။

(ခ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အသုံးပြုသည့် နျူကလီးယားဒြပ်ပစ္စည်းကို ဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယားအဆောက်အအုံကိုဖြစ်စေ အတင်းအဓမ္မ အင်အားသုံး၍ အသုံးပြုခြင်းကိုလည်းကောင်း၊ ထိုသို့ အသုံးပြုရန် ခြိမ်းခြောက်ခြင်းကိုလည်းကောင်း ဥပဒေနှင့်အညီ ခွင့်ပြုသည်ဟု အဓိပ္ပာယ်မကောက်ယူရ။

(ဂ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ တိုးမြှင့်ကာကွယ်ထိန်းသိမ်းရေးအလို့ငှာ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် နျူကလီးယား နည်းပညာလွှဲပြောင်းခြင်းကို ထိခိုက်ခြင်း မရှိစေရ။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲငယ် (၁)ပါ နျူကလီးယားအဆောက်အအုံများကို ပြည်တွင်းရှိနေရာတစ်ခုခုမှ နိုင်ငံတကာရေပြင် သို့မဟုတ် လေထုကိုဖြတ်သန်း၍ ပြည်တွင်းရှိဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဝင်ထွက်ပေါက် သို့မဟုတ် အခြားနေရာတစ်ခုခုသို့ ကုန်းလမ်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်ဖြစ်စေ ထိုဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ် ဝင်ထွက်ပေါက် သို့မဟုတ် အခြားနေရာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းအပေါ်တွင်လည်း သက်ရောက်သည်။

(င) အပြည်ပြည်ဆိုင်ရာဥပဒေ အထူးသဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ပါရှိသော နိုင်ငံအသီးသီးနှင့် ပုဂ္ဂလိကတို့၏ အခွင့်အရေးများနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

(စ) လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေစဉ် အတောအတွင်း နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာဥပဒေနှင့်အညီ စစ်ပွဲအတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများအပေါ်တွင် လည်းကောင်း၊ တပ်မတော်က အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်ယူဆောင်ရွက်မှုများ အပေါ်တွင် လည်းကောင်း သက်ရောက်ခြင်းမရှိစေရ။

(ဆ) စစ်ရေးကိစ္စအတွက် နျူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယား အဆောက်အအုံတွင် ပါဝင်သည့် ပစ္စည်းကိရိယာကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ကိုင်စွဲခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းအပေါ်တွင် သက်ရောက်ခြင်းမရှိစေရ။

အခန်း(၈)

ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း

၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် ပြစ်မှုမြောက်သည်-

(က) အတင်းအဓမ္မအင်အားသုံး၍ ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ သင်္ဘောကိုဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် သင်္ဘောသွားလာရေးကို ထိန်းချုပ်မှု၊

(ခ) သင်္ဘောဖြင့် ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပြုလုပ်မှုဖြင့် သင်္ဘောပေါ်ရှိသူအား အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) သင်္ဘောကိုဖျက်ဆီးမှု သို့မဟုတ် သင်္ဘောဖြင့် ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေအောင် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်စည်များကိုဖြစ်စေ ဖျက်ဆီးမှု သို့မဟုတ် ထိခိုက်ပျက်စီးစေမှု၊

(ဃ) သင်္ဘောကို ပျက်စီးစေရန်သော်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်ပစ္စည်းများကို ဖြစ်စေ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း ဖျက်ဆီးနိုင်သည့် သို့မဟုတ် ပျက်စီးစေနိုင်သည့် ပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို သင်္ဘောပေါ်တွင်ထားရှိမှု သို့မဟုတ် ထားရှိစေမှု၊

(င) ရေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များ၊ ဆက်သွယ်ရေး အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဖျက်ဆီးမှု၊ ဆိုးရွားစွာထိခိုက်ပျက်စီးစေမှု သို့မဟုတ် ထိုအဆောက်အအုံစနစ်များနှင့် ဝန်ဆောင်မှုများကို ဆိုးရွားစွာ ဝင်ရောက်နှောင့်ယှက်ခြင်းဖြင့် သင်္ဘော၏ ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြုလုပ်မှု၊

(စ) သင်္ဘော၏ ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်းသော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်အကြောင်းကြားမှု၊

(ဆ) သူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန်နာကျင်စေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း၊

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘောပေါ်တွင်ဖြစ်စေ၊ ထိုသင်္ဘောပေါ်မှ ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ပစ္စည်းများ သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသောပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(ဇ) ပုဒ်မခွဲ (ဆ) တွင် ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယို သတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များနှင့်အလားတူပစ္စည်းကိရိယာများ၊ အခြားအရင်းအမြစ်ပစ္စည်း၊ အလိုအလျောက် အထူးပြုကွဲနိုင်သည့်ပစ္စည်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အထူးပုံစံထုတ် ပြုလုပ်ထားသော သို့မဟုတ် ပြုပြင်ထားသော ပစ္စည်းကိရိယာများကို သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဈ) သူတစ်ဦးဦးကို တစ်နည်းနည်းဖြင့် သေစေရန်၊ အပြင်းအထန် နာကျင်စေရန် သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန် သင်္ဘောကိုအသုံးပြုမှု၊

(ည) အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ကြောင်းသိလျက်နှင့် အကြမ်းဖက်သမားအား သင်္ဘောဖြင့်ပို့ဆောင်ပေးမှု၊

(ဋ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (ည)အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် တစ်နည်းနည်းဖြင့် ခြိမ်းခြောက်မှု၊

(ဌ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (ဋ) အထိ ဖော်ပြထားသော ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ရာတွင် ဖြစ်စေ သူတစ်ဦးဦးကို ထိခိုက်ဒဏ်ရာရစေမှု သို့မဟုတ် သေစေမှု၊

(ဍ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဌ)အထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၈။ (က) သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီတောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် အထူးသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်၍လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား ညွှန်ကြားရမည်။

(ခ) သင်္ဘောကုမ္ပဏီများသည် ဤအခန်းပါ သက်ဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောနှင့် ဆိပ်ကမ်းများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးနှင့် အသုံးအဆောင်ပစ္စည်းများလုံခြုံရေးဥပဒေပါ လမ်းညွှန်ချက်များကိုလည်းကောင်း အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်မှူးသည် နိုင်ငံတော်၏ ဆိပ်ကမ်းတစ်ခုခုကို ဝင်ရောက်ဆိုက်ကပ်ခြင်းမပြုမီသော်လည်းကောင်း၊ ၁၉၇၄ခုနှစ်၊ ပင်လယ်ပြင်၌ အသက်ဘေးအန္တရာယ်ကင်းရှင်းရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်ခုခု၏ ဆိပ်ကမ်းတွင် ရှိနေလျှင်သော်လည်းကောင်း သတ်မှတ်ထားသည့် လုံခြုံမှုအဆင့်အလိုက် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၉။ ရေယာဉ်မှူးသည်-

(က) သင်္ဘောများအား ဘေးအန္တရာယ်ဖြစ်စေသည့် ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများ၏ အန္တရာယ်မှကင်းဝေးစေရန် လိုအပ်သော ကာကွယ်တားဆီးမှုများနှင့် နှိမ်နင်းမှုများကို ပြုလုပ်နိုင်သည်။

(ခ) သင်္ဘော၏ ဘေးကင်းမှုနှင့် လုံခြုံမှုတို့ကို ထိန်းသိမ်းရန် လိုအပ်လျှင် ကုန်စည်၊ ကုန်သေတ္တာ သို့မဟုတ် အခြားအလုံပိတ်ကုန်စည် သယ်ယူပို့ဆောင်ရန် သင်္ဘောပေါ်အတင်အချပြုလုပ်မှုကို ငြင်းဆိုခြင်းအပါအဝင် ရေယာဉ်မှူး၏ ရေကြောင်းပို့ဆောင်ရေး အတွေ့အကြုံ ကျွမ်းကျင်မှုဖြင့်ဆုံးဖြတ်၍ ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ကို သင်္ဘောကုမ္ပဏီ၊ သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် အခြားသူတို့က တားဆီးချုပ်ချယ်ခွင့် မရှိစေရ။

၃၀။ (က) ရေယာဉ်မှူးသည် ဤအခန်းပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား မိမိသင်္ဘော မှတ်ပုံတင်ထားသော နိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း၊ ဆိုက်ရောက်ရာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း ဖြစ်နိုင်သမျှ ကြိုတင်အကြောင်းကြားပြီး အတည်ပြုချက်ရယူလျက် သက်သေခံအထောက်အထားများနှင့်အတူ ဆိုက်ရောက်ရာနိုင်ငံ၏ ရဲတပ်ဖွဲ့ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ လွှဲအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ လွှဲအပ်သည့် အကြမ်းဖက်သမားအား လက်ခံရရှိသော ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူသည် ထိုအကြမ်းဖက်သမားအား ဤဥပဒေ အခန်း (၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

၃၁။ ဤအခန်းပါ ရေကြောင်းပို့ဆောင်ရေးကို အန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ)ပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည်။

(ခ) နိုင်ငံတော်၏ပိုင်နက် ပင်လယ်နယ်နိမိတ်အတွင်း တွေ့ရှိရသော ပုဒ်မ ၂၇ ပါ ပြစ်မှုကျူးလွန်သူ သို့မဟုတ် ထိုပြစ်မှုဖြင့် စွပ်စွဲခံရသူနှင့်လည်း သက်ဆိုင်စေရမည်။

၃၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါသင်္ဘောများနှင့် မသက်ဆိုင်စေရ-

(က) စစ်သင်္ဘော၊

(ခ) နိုင်ငံတစ်နိုင်ငံက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် ရေတပ်အကူအဖြစ်သုံးသော သင်္ဘော သို့မဟုတ် အကောက်ခွန်အတွက်ဖြစ်စေ၊ ရဲတပ်ဖွဲ့အတွက်ဖြစ်စေ သုံးသောသင်္ဘော၊

(ဂ) ရေကြောင်းသွားလာခြင်းမှ ရုပ်သိမ်းထားသည့် သို့မဟုတ် လုပ်ငန်းရပ်နားထားသည့် သင်္ဘော၊

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်းမဟုတ်ဘဲ အစိုးရကပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် သင်္ဘောများနှင့် အစိုးရကိစ္စအတွက်သာ အသုံးပြုသည့် အခြားသင်္ဘောများ။

အခန်း (၉)

ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက ရေအောက်သယံဇာတ ရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ ပြစ်မှုမြောက်သည်-

(က) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင် ပြုလုပ်၍ဖြစ်စေ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် ထိန်းချုပ်၍ အသုံးချဆောင်ရွက်မှု၊

(ခ) ရေအောက် သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) ရေအောက်သယံဇာတ ရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံကို ဖျက်ဆီးမှု သို့မဟုတ် ပျက်စီးစေမှု၊

(ဃ) ရေအောက်သယံဇာတ ရှာဖွေရေး အဆောက်အအုံပျက်စီးစေရန် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် တစ်နည်းနည်းဖြင့် ဖျက်ဆီးရေးပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ထိုအဆောက်အအုံပေါ်တွင်ချထားမှု သို့မဟုတ် ချထားစေမှု၊

(င) သူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန် နာကျင်စေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ရေအောက် သယံဇာတ ရှာဖွေရေးအဆောက်အအုံကို ဖြစ်စေ၊ ထိုအဆောက်အအုံပေါ်တွင်ဖြစ်စေ၊ ထိုအဆောက်အအုံမှ ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ပစ္စည်း သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထု၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(စ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (င) အထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ အများပြည်သူကို ခြိမ်းခြောက်မှု၊ သူတစ်ဦးဦးကို ဒဏ်ရာရစေမှု သို့မဟုတ် သေစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (စ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၃၄။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်မှဖြစ်စေ ပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ပိုင်နက် ပင်လယ်နယ်နိမိတ်တွင်သော်လည်းကောင်း၊ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင်သော်လည်းကောင်း မည်သူမျှ ပြစ်မှုကျူးလွန်နိုင်ခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၀)

စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသား ပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ် ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၃၅။ မည်သူမဆို-

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်း ပါဝင်ကြောင်းမှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုမြောက်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှုကို ကျူးလွန်ရာရောက်သည်။

၃၆။ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များသည် အမှတ်အသား ပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်က လုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်သူ၏ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့ကဖြစ်စေ လုပ်ငန်းတာဝန်အရ ဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

၃၈။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တပ်မတော်မှ အာဏာပိုင်များ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်-

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ လက်နက်တိုက်တွင် ပြည်ပမှ တင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အမှတ်အသား မပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သော ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှ ဆောလျင်စွာ ဖျက်ဆီးရမည်။

အခန်း (၁၁)

အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၃၉။ မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန်သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုမြောက်သည်-

(က) အများပြည်သူအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကိုပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကိုဖျက်ဆီးမှု၊

(ခ) ပုဒ်မခွဲ (က)၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊

(ဂ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင်အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကိုထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၄၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၂)

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၄၁။ မည်သူမဆို အကြမ်းဖက်မှုတစ်ခုခု ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ ယင်းပြစ်မှုဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်နိုင်စေရန်အလို့ငှာ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ရာရောက်သည်-

(က) တရားဝင်သော နည်းလမ်းဖြင့်ဖြစ်စေ၊ တရားမဝင်သော နည်းလမ်းဖြင့်ဖြစ်စေ၊ ယင်းနည်းလမ်းနှစ်မျိုးလုံးဖြင့်ဖြစ်စေ ရရှိသည့် ရန်ပုံငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန် ရည်ရွယ်၍သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် တမင်ကောက်ခံခြင်း သို့မဟုတ် လက်ခံခြင်း သို့မဟုတ် ထောက်ပံ့ခြင်း သို့မဟုတ် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်၍သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိနိုင်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုကဖြစ်စေ၊ အကြမ်းဖက်သမားက ဖြစ်စေ၊ ယင်းတို့၏ကိုယ်စား အခြားသူတစ်ဦးဦးကဖြစ်စေ သိုမှီးထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့်ပစ္စည်း ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိနိုင်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းပစ္စည်းကို ဖုံးကွယ်ခြင်း၊ ပြည်ပသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် အခြားသူ၏အမည်သို့ လွှဲပြောင်းခြင်း၊

(ဃ) အထက် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှုပြုခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကိုညွှန်ကြားခြင်း သို့မဟုတ် ထိုပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျွန်းသစ်စိုက်ခင်းတွင် သစ်ခိုးထုတ်ယူနေမှုကို တားဆီးအရေးယူနိုင်မှု အားနည်းနေ၍ အသက်မပြည့်သေးသော ကျွန်းပင်များဆုံးရှုံး

ကသာခရိုင် အင်းတော်မြို့နယ်ရှိ ကျွန်းသစ်စိုက်ခင်းများတွင် သစ်ခိုးထုတ်နေမှုများကို တားဆီးအရေးယူနိုင်မှု အားနည်းနေ၍ အသက်မပြည့်သေးသော ကျွန်းသစ်ပင်များ ဆုံးရှုံးနေလျက်ရှိကြောင်း သိရသည်။ အင်းတော်မြို့ပိုင် ကျွန်းသစ်စိုက်ခင်း (၄/၂၀၀၈) စိုက်ဧက ၅၀ အနီးရှိ လမ်းဘေးလူသွားလူလာ အများဆုံး မြင်တွေ့နေရသော နေရာတွင် သစ်တောဌာနကို ဂရုမစိုက်သည့် အနေအထားဖြင့် ကျွန်းသစ်ပင်ပေါက်ကို ချိန်းဆောစက်များနှင့် လျင်မြန်စွာခုတ်ယူနေခြင်းကြောင့် ကျွန်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများ တိုးပွားလာမှုမြင့်တက်လာနိုင်သဖြင့် ထုတ်ပြန်ထားရှိသော သစ်တောဥပဒေအရ အရေးယူနိုင်ရန် လေ့လာဆောင်ရွက်ရန်လိုအပ်နေကြောင်း သစ်တော ဝန်ထမ်းဟောင်းတစ်ဦးထံမှ သိရသည်။

အင်းတော်မြို့နယ်သည် အခြားမြို့နယ်များနှင့်မတူသည့် ရွှေတူးဖော်မှု၊ သစ်တောများရှိ သစ်ပင်များ တမလန်းသစ်များ ခုတ်ယူမှုမြင့်တက်ခဲ့သောဒေသဖြစ်ခဲ့သလို ကျွန်းအပြင် အခြားစိုက်ခင်းများပါ မီးသွေးဖုတ်ခြင်း၊ တောမီးရှို့ခြင်း သစ်တော သစ်ပင်များ ခုတ်လှဲမီးရှို့ခြင်းစသည့် လူသား ပယောဂများကြောင့် သစ်တောစိုက်ခင်းတွေ လျော့နည်းကျဆင်းလာရသည့် နယ်မြေဖြစ်သည်။

ဇီဝလောင်စာအပင်များကို စိုက်ပျိုးရန် သစ်တောခုတ်ထွင်ရှင်းလင်းခြင်း၊ အဆောက်အအုံများ တည်ဆောက်ရန် တောင်တန်းမြေပြန့်များကို မြေထိုးကားများဖြင့် တူးဆွလှန်ပစ်ခြင်း၊ မြို့တွင်း သစ်ပင်ကြီးများ ကိုင်းကျိုးကျမှုအန္တရာယ်ကို အကြောင်းပြကာ ခုတ်ပစ်ခြင်းများကြောင့် ရာသီဥတုပူနွေးစေခြင်းဘက်ကို ရောက်ရှိလာရာ ထိန်းသိမ်းပေးရန် ဌာနဖွဲ့စည်းထားရှိသော်လည်း အပြစ်တင်ခံရစေရန် ဆောင်ရွက်ထားသလို ဖြစ်ပေါ်နေသည်။

သစ်တောဥပဒေအရ အရေးယူနိုင်ရန် လေ့လာဆောင်ရွက်ရန် လိုအပ်နေ . . .

သစ်ပင်များစိုက်ပျိုး၍ ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ကမ္ဘာကြီးပူနွေးမှုဒဏ်ကာကွယ်ရန် သစ်တောစိုက်ခင်းများကို မဖြစ်မနေ ဂရုစိုက်ပေးရန်၊ အမျိုးသားရေး တာဝန်တစ်ရပ် ဆောင်ရွက်ရန် လိုအပ်နေကြောင်း အကြံပြု တိုက်တွန်းလိုက်ရပါသည်။

ငွေအိုး(ကသာ)

ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

နေပြည်တော် ဇွန် ၇

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွှေဟောင်းသမိုင်းဝင် ပိုင်းငင်တောင်ခြေရှိ ချောင်းဖျားကျေးရွာတပ်ဦး ဘုန်းတော်ကြီးကျောင်း အရံမြေအတွင်း တည်ထားပြီးစီးသွားသည့် ပြည်လုံးချမ်းသာ အောင်မင်္ဂလာ ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီ ၃၇ မိနစ်က အဆိုပါစေတီတော်၌ ကျင်းပရာ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ သုဝဏ္ဏဘူမိဇေတဝန် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် (ဆင်ဖြူကျွန်းရိပ်သာ) ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘဏ အမှူးပြုသော ဆရာတော်သံဃာတော်များနှင့် အလှူရှင်များက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့်စေတီတော်မှာ ဉာဏ်တော် ၁၃ တောင်ရှိပြီး မန္တလေးမြို့မဟာအောင်မြေမြို့နယ် ပုတီးတန်းရပ်နေ(ဦးဘကြွယ်)-ဒေါ်အမာနှင့် သားသမီး၊ မြေးများက တည်ထားလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

အေးသန်း(လူထုဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ စာစီစာကုံးပြိုင်

မန္တလေး ဇွန် ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)နှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၃ ရက်နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထက(၁၆) ပညာရတနာခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်း အမှတ်(၂) အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၉၄ ဦးလာရောက်ဖြေဆိုခဲ့ကြသည်။ ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား "လူငယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး"၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား "ပင်လယ်မျက်နှာပြင်မြင့်တက်လာမှု တားဆီးဖို့လှုပ်ရှားမှုအသံတွေ မြင့်တင်ကြစို့" ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆု စုစုပေါင်း ဆုငါးဆု သတ်မှတ်ထားကြောင်း သိရသည်။

အေးမြ(မန္တလေး)

ဘိန်းအစားထိုး ပုလဲသွယ်စပါးနှင့် နှစ်ရှည်ပျိုးပင် ပေးအပ်

တန့်ယန်း ဇွန် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်း၊ ပုလဲသွယ်စပ်မျိုးစပါးစေ့နှင့် နှစ်ရှည်ပျိုးပင်အခမဲ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှစိုးဝင်းက ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းအတွက် ပုလဲသွယ်စပ်မျိုးစပါးစေ့နှင့် နှစ်ရှည်ပျိုးပင်များ အခမဲ့ပေးအပ်ဖြန့်ဝေပေးရမှုအခြေအနေများကို ရှင်းလင်းပြီး မြို့နယ်မှတာဝန်ရှိသူများက မျိုးစေ့ထုပ်များပေးအပ်ရာ ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြကြောင်း သိရသည်။

မင်းလွင်ဦး

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဇွန် ၇

နိုင်ငံတော်မှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် ဆက်ကပ်အပူဇော်ခံတော်မူရသော ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အလယ် ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သီဟိုဠ်ဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒစရိယ နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ သြဝါဒစရိယဆရာတော် ဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒောဘာသအား နတ်မောက်နွယ်ဖွား ကျောင်းထိုင်ဆရာတော်များနှင့် နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)မှ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၃၁ ရက်က မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် သီရိမင်္ဂလာနတ်မောက်ကျောင်း၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နတ်မောက်နွယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများ ပင့်သံဃာဆရာတော်ကြီးများ၊ နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ နတ်မောက်မြို့နယ်သူ မြို့နယ်သားများ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်း၍ ဂုဏ်ပြုပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အောင်သန်းထွန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ဆောက်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း ရှည်စုံ၊ လမ်းခင်းကျောက်ရှည်စုံတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်၊ အချိန် - ၉-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁၆-၇-၂၀၁၄ ရက်

အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဟားခါးခရိုင်၊ ဟားခါးမြို့၊
ဖုန်း-၀၇၀-၂၁၀၅၅

တစ်ဦးတည်းဖြစ်ကြောင်း

ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မကျော့ကျော့အောင်၏ ဖခင် ဦးအောင်ကျော်ဦး (ခ) ဦးအောင်စိုးလင်း ၅/ရဥန(နိုင်)၀၀၂၅၈၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်ကျော်ဦး(ခ)ဦးအောင်စိုးလင်း

တစ်ဦးတည်းဖြစ်ကြောင်း

ရေဦးမြို့၊ အထက(၁) ကျောင်းဝင်အမှတ် သ၉င် ၁၃၀ မောင်ကျော်ငြိမ်းနှင့် လ-၁၈၅/၁၁ မအေးအေးဖြိုးတို့၏ဖခင် ဦးငွေသင်း(ခ)ဦးငွေမြင့် ၅/ခဥန(နိုင်) ၀၁၂၂၈၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးငွေသင်း(ခ)ဦးငွေမြင့်

အကောက်ခွန်ဦးစီးဌာန
ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် Mobile Team (2)တို့မှ တားဆီးထားရှိပြီး လေလံအဆင့်ရောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူရန် အသိပေးကြေညာအပ်ပါသည်-

(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်သုံးအပိုပစ္စည်းများ
(ခ) **နေ့ရက်/အချိန်** - ၁၂-၆-၂၀၁၄ ရက် ၁၃း၀၀ နာရီ
(ဂ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ)အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ
(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၉-၆-၂၀၁၄ရက်မှ ၁၁-၆-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံပစ္စည်းစာရင်းနှင့် လေလံစည်းကမ်းချက် ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ လာရောက်မေးမြန်းဝယ်ယူနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့
အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်)တွင် အသုံးပြုရန်အတွက် လိုအပ်သောကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက် ၁၅း၀၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

စီမံရေးရာဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၊ ရန်ကုန်မြို့ရှိ (၄၀')×(၅၆')×(၉')အရွယ်အစားရှိ ရုံးအဆောက်အအုံတစ်လုံးအား အသေးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို ၂၃-၆-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၇၀၁၆၊ ၀၁-၆၅၇၂၇၁

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နိုင်ငံရပ်ခြားရှိ လေယာဉ်မောင်းသင်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားနေကြသော မြန်မာလူငယ်များ အခက်တွေ့နေကြရဟုဆို

ရန်ကုန် ဇွန် ၇

နိုင်ငံရပ်ခြားရှိ လေယာဉ်မောင်းသင်တန်းကျောင်းများသို့ သွားရောက်ပညာသင်ကြားဆည်းပူးနေကြသော မြန်မာလူငယ်များသည် ယခုအခါ တရားဝင်လိုင်စင်မရှိဘဲ လုပ်ကိုင်နေကြသော အေးဂျင့်များ၏ လိမ်လည်မှုများကြောင့် အခက်တွေ့နေကြရကြောင်း သိရသည်။

မြန်မာလူငယ်အများအပြားသည် မလေးရှားနိုင်ငံ လန်ဂါဝီမြို့ရှိ HM AEROSPACA သင်တန်းကျောင်းနှင့် ကိုတာဘာရူးမြို့တို့ရှိ ASIA PACIFIC FLIGHT TRAINING ACADEMY လေယာဉ်မောင်းသင်တန်းကျောင်းတို့တွင် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံရှိ WCC PILOT ACADEMY လေယာဉ်မောင်းသင်တန်းကျောင်းတွင် လည်းကောင်း လေယာဉ်မောင်းပညာရပ်များကို သွားရောက်ဆည်းပူးနေကြခြင်းဖြစ်ပြီး တရားမဝင်အေးဂျင့်များကြောင့် ပညာမသင်ရဘဲ ဆိုင်းငံ့နေကြရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးသန်းမင်းအား မေးမြန်းကြည့်ရာ "အခု မြန်မာနိုင်ငံမှာ တရားမဝင်ဘဲ တရားဝင်ပုံစံမျိုးနဲ့ ကြော်ညာပြုလုပ်နေကြတဲ့ အေးဂျင့်တွေ အများအပြား ရှိနေကြပါတယ်။ ဒီလို အေးဂျင့်တွေကို ကလေးမိဘတွေ အနေနဲ့ သေချာစုံစမ်းသင့်ပါတယ်။ ကျွန်တော့်ကို လက်ရှိတိုင်တန်းထားတဲ့ ကလေးမိဘတွေထဲမှာ မလေးရှားနိုင်ငံက သုံးဦးနဲ့ ဖိလစ်ပိုင်နိုင်ငံက ရှစ်ဦးရှိနေပါတယ်။ ဒါတောင် မပြောမတိုင်တာတွေလည်း ရှိနေပါသေးတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ အခုဆို ပုသိမ်မြို့မှာ ဖွင့်နေတဲ့ကျောင်းလည်း ရှိနေပါတယ်။ တကယ် ပြည်ပနိုင်ငံတွေမှာ သွားရောက် သင်ကြားချင်တယ်ဆိုရင် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတွေ အပါအဝင် ကျောင်းအုပ်ကြီးဖြစ်တဲ့ ကျွန်တော့်ကိုပါ ကလေးမိဘတွေ အနေနဲ့ လာရောက်တိုင်ပင် စုံစမ်းမေးမြန်းနိုင်ကြပါတယ်။ ကျွန်တော်တို့ကလည်း ပြောပြပေးမှာပါ။ နောက်တစ်ခုက နိုင်ငံရပ်ခြားမှာဖွင့်လှစ်ထားရှိတဲ့ လေယာဉ်မောင်းသင်တန်းကျောင်းတွေကို ရွေးချယ်ကြတဲ့အခါမှာလည်း သက်ဆိုင်ရာတာဝန်ရှိသူများရဲ့ သွားရောက်စစ်ဆေးပြီးမှ ရွေးချယ်အသိအမှတ်ပြုထားပြီးတဲ့ ကျောင်းတွေကိုသာ ရွေးချယ်ဖို့သင့်ပါတယ်။ အဲ့ဒီလို အသိအမှတ်ပြုထားကြတဲ့ ကျောင်းတွေကသာ ပိုမိုယုံကြည်စိတ်ချရစေနိုင်မှာပါ"ဟု ရှင်းပြသည်။

ထို့နောက် ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးသန်းမင်းက နိုင်ငံရပ်ခြား လေယာဉ်မောင်းသင်တန်းများတွင် လေယာဉ်အမျိုးအစား၊ သင်ကြားသော စာသင်ခန်း၊ သင်ရိုးညွှန်းတမ်းများကိုကြည့်ပြီး အသိအမှတ်ပြုထားသော ကျောင်းများတွင်သာ တက်ရောက်သင်ကြားသင့်ကြောင်း၊ နိုင်ငံရပ်ခြားရှိ လေယာဉ်မောင်း သင်တန်းကျောင်းများကလည်း မိမိတို့ ယုံကြည်စိတ်ချပြီး တာဝန်ပေးနိုင်ကြသော မြန်မာနိုင်ငံရှိ အေးဂျင့်များကိုသာ ရွေးချယ်သင့်ကြကြောင်း၊ မလေးရှားနိုင်ငံရှိ လေယာဉ်မောင်း သင်တန်းကျောင်းတွင် အကြမ်းအားဖြင့် ငွေကျပ်သိန်း ၆၀၀ နှင့် ၇၀၀ ကြားရှိနေကြောင်း၊ ဖိလစ်ပိုင်နိုင်ငံရှိ လေယာဉ်မောင်း သင်တန်းကျောင်းတွင် အကြမ်းအားဖြင့် ငွေကျပ်သိန်း ၄၀၀ နှင့် ၅၀၀ ကြားရှိနေကြောင်း၊ ထို့အပြင် အဆိုပါ ကုန်ကျစရိတ်များအတွင်း စာမေးပွဲတစ်ကြိမ် ဖြေဆိုစရိတ်၊ ကျောင်းသားများနှင့်အတူ နေထိုင်ခွင့် Stay များသာ ပါဝင်ပြီး စာသင်စရိတ်၊ လေယာဉ်အမောင်းသင် ပျံသန်းမှုစရိတ်၊ နေထိုင်စရိတ်၊ စားစရိတ်များကို သီးသန့်ကုန်ကျကြရကြောင်း၊ ကျောင်းသားစာမေးပွဲကျလျှင် သင်တန်းကျောင်းသို့ ငွေထပ်လောင်း ပေးသွင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံရပ်ခြားရှိ လေယာဉ်မောင်း သင်တန်းကျောင်းသို့ သွားရောက် ပညာသင်ယူကြမည့် အင်္ဂလိပ်စာ အခြေခံအားနည်းကြသော အချို့လူငယ်များသည်လည်း နိုင်ငံရပ်ခြားတွင် အခက်အခဲရှိနေတတ်ကြောင်း၊ အဆိုပါလူငယ်များ၏ အားနည်းချက်များကို တရားမဝင် လုပ်ဆောင်နေကြသော အေးဂျင့်များက အခွင့်အရေးယူကြကာ ငွေတောင်းခံကြခြင်းများ ပြုလုပ်ပြီး ပြင်ပနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနအား ပေးဆောင်ရသော နေထိုင်စရိတ်များ ပိုမိုတောင်းခံကြခြင်း၊ စာသင်ကျောင်းသား အထူးနေထိုင်ခွင့် (Student special stay permit) အတွက် အကြိမ်ကြိမ်ငွေတောင်းခံခြင်း၊ စာမေးပွဲဖြေဆိုရန်အတွက် အကြေးငွေများနှင့် အဆောင်နေထိုင်စရိတ်များကို အကြိမ်ကြိမ်တောင်းခံကြခြင်း၊ မြန်မာ အေးဂျင့်နှင့် မလေးရှားနိုင်ငံရှိ မြန်မာအေးဂျင့်များ ပူးပေါင်းကြံဆောင်ထားကြပြီး ပြင်ပနိုင်ငံလေယာဉ်မောင်း သင်တန်းကျောင်းများသို့ ငွေအကျေမပေးသွင်းကြသဖြင့် လူငယ်ကျောင်းသားများ စာသင်ကြားရန် ဆိုင်းငံ့ခံနေရကြောင်းဖြင့် သိရသည်။

"ဒီတရားဝင်လိုင်စင် မရှိကြတဲ့ အေးဂျင့်တွေက နိုင်ငံခြားသွားသင်မယ့်ကလေးတစ်ဦးကို နှုန်းထား အမေရိကန်ဒေါ်လာ ၁၀၀၀ ယူကြပါတယ်၊ တစ်နှစ်ခွဲ(သို့မဟုတ်) တစ်နှစ်လေးလသင်တန်းပါ။ အမှန်က အဲဒီငွေထဲမှာ သွားရောက်သင်ကြားမယ့် နိုင်ငံက လဝကအတွက် ကျောင်းသား နေထိုင်စရိတ်ကို ခြောက်လစာပေး သွင်းပြီးသားပါ။ အေးဂျင့်တွေက လိုင်စင်မရှိဘဲ စေလွှတ်ကြတယ်လေ။ အချို့ဒီမှာ ရှိနေကြပါတယ်။ လေယာဉ်မောင်း သင်တန်းကျောင်း တက်လို့ရပါတယ်ဆိုပြီး ကြော်ငြာထည့်ပြီး နိုင်ငံခြားက သင်တန်းကျောင်းတွေကို ပို့ဆောင်နေကြတာတွေ ရှိနေပါတယ်။ ဟိုရောက်တော့ အပြောနဲ့အလုပ် မညီကြတော့ ကျွန်တော်တို့ကလေးတွေ ဒုက္ခအလွန်ရောက်ကြရပါတယ်။ ဒါတွေက နောက်ဆုံးပြောရရင် ဒီလိုတရားမဝင် ပြုလုပ်နေကြတာတွေဟာ လူကုန်ကူးမှုပြုလုပ်နေကြတဲ့အဆင့်ကို ရောက်နေပြီလို့ သတ်မှတ်လို့ရနေပါပြီ" ဟု လေကြောင်းပညာသိပ္ပံ ကျောင်းမှ ကျောင်းအုပ်ကြီး ဦးသန်းမင်းက ထပ်လောင်း ပြောကြားခဲ့သည်။

အဆိုပါ တရားမဝင်အေးဂျင့်များအား ထိရောက်ပြတ်သားစွာ စုံစမ်းအရေးယူ ဖော်ထုတ်ပေးစေလိုကြောင်းဖြင့် ကျောင်းသားမိဘများက ရင်ဖွင့်ပြောဆိုကြသည်။

မိုးဝင်း(SP)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ထွက်ခွာနေရာတွင် နိုင်ငံရပ်ခြားသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ကြမည့်လူငယ်များအား ၎င်းတို့၏ မိဘဆွေမျိုးသားချင်းများက နှုတ်ဆက်နေကြသည်ကိုတွေ့ရစဉ်။

ဟိုယာကျေးရွာ၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးစီး

လွိုင်ကော် ဇွန် ၇

ကယားပြည်နယ် ဖရူဆိုမြို့နယ် ဟိုယာကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် မြန်မာ့ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေကျပ် ၄၈ ဒသမ ၇၆ သန်းဖြင့် ဟိုယာကျေးရွာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မီးစက်ရုံတစ်ရုံနှင့် မြေညီရေကန် အပါအဝင် ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ဖရူဆိုမြို့နယ် ဟိုယာကျေးရွာရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံတည်ဆောက်ပြီးစီးခဲ့သော်လည်း မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်နိုင်ရန်အတွက် လိုအပ်သောစက်ပစ္စည်းများ တပ်ဆင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရန်ပုံငွေ ကျပ်သန်း ၄၀ ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။ (ပြည်နယ် မြန်/ဆက်)

ပညာပေးဟောပြော

နေပြည်တော် ဇွန် ၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံ ပညာအထက်တန်းကျောင်း အင်ကြင်းဆောင်၌ ဇွန် ၄ ရက် နံနက် ၁၀ နာရီက ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲ ကျင်းပရာ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ (နေပြည်တော်) ဇေယျာသီရိတပ်ဖွဲ့စုမှူး ဒုရဲမှူး စိုးမြင့်ဦးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(နေပြည်တော်)မှ ရဲအုပ်အေးနိုင်ဦးတို့က ပညာပေး ပြောသည်။ (ဇဇ)

ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
Open Tender ခေါ်ယူခြင်း၊ တင်ဒါအမှတ် -၁/၂၀၁၄-၂၀၁၅

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ပါလုပ်ငန်းသုံးပစ္စည်းများကို မြို့နယ်လမ်းအပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း
၁။	၆"-၉" ကျောက်	၇။	ကျောက်စရစ် (ကွန်ကရစ်လုပ်ငန်းသုံး)	၁၃။	သစ်မာတိုင်/သစ်မာခွဲသား
၂။	၂"-၄" ကျောက်			၁၄။	၈'x၄'(၅)ထပ်သား
၃။	၃" <ကျောက်	၈။	သဲ	၁၅။	၆"-၈" Ø မျောတိုင်
၄။	၁"-၂" ကျောက်	၉။	ဘိလပ်မြေ	၁၆။	၄"-၆" Ø မျောတိုင်
၅။	Chipping	၁၀။	သံချောင်း(ရွယ်စုံ)	၁၇။	မြစ်ကျောက်စရစ်
၆။	B-Fine	၁၁။	အခြားခွဲသား(ထု)		
		၁၂။	အခြားခွဲသား(ပျဉ်)		

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၆-၆-၂၀၁၄ရက်

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်ဖြူမြို့၊ (ရမ်းဗြဲ/မာန်အောင်/အမ်းမြို့)၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်ဖြူမြို့။

တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၇-၆-၂၀၁၄ရက်၊ နံနက် ၉:၀၀နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၄၆၀၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင် ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြို့နယ်အလိုက်/လမ်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား
၁။	လမ်းခင်းကျောက်မျိုးစုံ
၂။	ဘိလပ်မြေ
၃။	သံချောင်း(ရွယ်စုံ)
၄။	ပန်းရံသဲ
၅။	ကျောက်သံကြိမ်း
၆။	သစ်မျိုးစုံ

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၁-၆-၂၀၁၄ရက်၊ ၁၆:၃၀ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၂-၆-၂၀၁၄ရက်၊ ၁၄:၃၀ နာရီ

တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ကလေးခရိုင်၊ ကလေးမြို့

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ကလေးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၀-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၃-၂၁၀၅၆

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ မောင်မြတ်ဘုန်းနေ ကျောင်းဝင်အမှတ် ၈၈၄၃၈၏ ဖခင်အမည်မှန်မှာ ဦးဟန်ကြည် ၅/ဟမလ(နိုင်)၀၄၆၈၉၇ ဖြစ်သည်။
ဦးဟန်ကြည်

အမည်ပြောင်း

ဦးအောင်မျိုးလင်း၏သား အထက(၁)မြောင်းမြ ပထမတန်း(စ)မှ မောင်စိုးလင်းခန့်အား မောင်ညာဏ်စည်ဆက်ဟုပြောင်းလဲခေါ်ပါရန်။
မောင်ညာဏ်စည်ဆက်

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၁)၊ ပဉ္စမတန်းမှ မတွယ်တာသိမ့်နှင့် မုံရွာမြို့၊ စက်မှုဇုန်အမက(၁၅၇) တတိယတန်းမှ မောင်ခန့်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်းဖြစ်ပါသည်။
ဦးဌေးဝင်း ၅/ဆလက(နိုင်)၀၆၅၂၇၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀/၆၃၀၃ Mitsubishi Mini Cab Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြီးအိအိစာ ၁၂/ရကန(နိုင်)၀၈၆၃၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညနး ခရိုင်ရုံး၊ (ရန်ကုန်အရှေ့ပိုင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ ဟားခါး၌ ကျင်းပ

ဟားခါး ဇွန် ၇

ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်က ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မြို့တော်ခန်းမလမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို နံနက် ၈ နာရီက ဟားခါးမြို့ မြို့မပျိုးဥယျာဉ်၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ၂၀၁၄ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်များပေးအပ်ခြင်းနှင့် ရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းရေးတာဝန်များကို ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ဟားခါးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက လက်ခံယူကြသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို နံနက် ၈

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သူများ၏ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းဖွင့်

ဘုတ်ပြင်း ဇွန် ၇

ဘာသာသာသနာအရှည်တည်တံ့ရေးကို ရှေးရှု၍ ဗုဒ္ဓဘာသာဝင်လူငယ်များ ယဉ်ကျေးမှုနှင့် ဘာသာသာသနာချစ်မြတ်နိုးသည့် အသိစိတ်မြင့်မားလာစေရန်နှင့် ဓမ္မစကူးလ်သင်တန်းများ ဆင့်ပွားသင်ကြားပို့ချပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဘုတ်ပြင်းမြို့ မာန်အောင်ပရိယတ္တိစာသင်တိုက်၌ ဇွန် ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ချောင်းကဖီးကျောင်းတိုက် ဆရာတော်က သြဝါဒကထာ ချီးမြှင့်သည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အိမ်တော်ရာဘုရားဝင်း မြိတ်ကျားကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တရဆရာတော်က ဓမ္မစကူးလ်ဖောင်ဒေးရှင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် တနင်္သာရီမြို့နယ် ချောင်းလမုကျေးရွာ ဆရာတော်က ဓမ္မစကူးလ်ဖောင်ဒေးရှင်းလုပ်ငန်းစဉ်များကို ဖတ်ကြားလျှောက်ထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်လျှောက်ထားပြောကြားသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းဆရာဖြစ်သင်တန်းသို့ ဘုတ်ပြင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသားအဖြစ် ဆရာ ဆရာမ ၃၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်ရက်ပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းဆောင်သစ်များဖွင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

သထုံ ဇွန် ၇

သထုံမြို့နယ် နောင်ဘိုကျေးရွာ ဥသျှစ်ကုန်းမူလတန်းကျောင်းဆောင်သစ်နှင့် နန်းခဲရပ်ကွက် ကန်ပတ်လမ်းဘူတာ မူလတန်းကျောင်းဆောင်သစ်တို့ကို ဇွန် ၄ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ဖွင့်ပွဲများကို အဆိုပါကျောင်းများ၌ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုံးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့် မိဘဆရာပူးပေါင်းကာ ကျောင်းသားကျောင်းသူများ ပညာရည်ထက်မြက်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ရေးနှင့် ကျောင်းသားဦးရေ တိုးချဲ့လက်ခံနိုင်ရေးအတွက် နိုင်ငံတော်က ကူညီထောက်ပံ့ပေးနေမှုများအကြောင်း အမှာစကားပြောကြားသည်။

ကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး နောင်ဘိုကျေးရွာ ဥသျှစ်ကုန်းမူလတန်းကျောင်းမှာ ကုန်ကျငွေကျပ် ၁၄၄ သိန်း၊ နန်းခဲရပ်ကွက် ဘူတာမူလတန်းကျောင်းမှာ ကုန်ကျငွေကျပ် ၃၂၄ သိန်းဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မိုးနဲ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြော

မိုးနဲ ဇွန် ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ မေ ၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မိုးနဲမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ သစ်တောဥပဒေများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံများ၊ ယနေ့အပူချိန် မြင့်မားလာချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးကြီးပုံများ၊ နိုင်ငံတကာတွင် ကြုံတွေ့နေရသော သဘာဝဘေးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ ၊ လူမှုရေးအသင်းအဖွဲ့များ ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြကြောင်းသိရသည်။ **စိုင်းထွန်းမြင့်(မိုးနဲ)**

ရောအားမာန် တောင်သူလယ်သမား အစည်းအဝေးကျင်းပ

မြန်အောင် ဇွန် ၇

မြန်အောင်မြို့နယ်အတွင်းမှ တောင်သူလယ်သမားများအဖွဲ့ဖြစ်သော ရောအားမာန်တောင်သူလယ်သမားအဖွဲ့ လပတ်ပုံမှန်အစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံး အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

ရောအားမာန်တောင်သူလယ်သမားအဖွဲ့သည် မြန်အောင်မြို့နယ်အတွင်းရှိ လယ်ယာမြေလုပ်ကိုင်နေကြသောတောင်သူများ၏ အရေးကိစ္စများကို သက်ဆိုင်ရာသို့ ဆက်လက်တင်ပြအကူအညီတောင်းခံခြင်း၊ တောင်သူများအတွက် လိုအပ်နေသော စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ရန် အာမခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ **နေဝင်းဇော်(မြန်အောင်)**

သတင်းတိုများ

ကျောက်ပန်းတောင်းတွင် မိုးရာသီဈေးငွေများ စတင်ထုတ်ချေး

ကျောက်ပန်းတောင်း ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ယူထုတ်ချေးမည့် ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက စတင်ထုတ်ချေးပေးလျက်ရှိရာ မကျီးငုတ္တို ဖြိုစင်အင်း၊ ငရှန်တောင် အစရှိသည့် ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၄၄၀ ကို စုစုပေါင်းငွေကျပ် ၆၆၇ သိန်းနှစ်သောင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နေအောင်**

လွိုင်ချိုကျေးရွာအုပ်စု မူလတန်း ကျောင်းဆောင်သစ်ဖွင့်

မိုးနဲ ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်ချိုကျေးရွာအုပ်စု ကုန်းလုံကျေးရွာတွင် အမှတ် (၁၁) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၅ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၊ မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းနှင့် လွိုင်ချိုကျေးရွာ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာသန်းတို့က ဖွင့်လှစ်ပေးသည်။ ကျောင်းဆောင်သစ်ကို အမှတ်(၂) အခြေခံပညာဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့်ပေ ၁၂ သွပ်မိုးအဆောက်အအုံ အမျိုးအစားဖြစ်ပြီး ငွေကျပ် ၁၄၄ သိန်းကုန်ကျသည်။ **စိုင်းထွန်းမြင့်(မိုးနဲ)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူးရုံးမျက်နှာစာရှိ ဆိုင်ခန်း ၁၀ ခန်းတို့ကို ဖျက်သိမ်းရန်နှင့် ဖျက်သိမ်းပြီး ပစ္စည်းဟောင်းများ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ လုပ်ငန်းအိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ဝယ်ယူပြီး အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၇-၆-၂၀၁၄ရက်မှ ၁၄-၆-၂၀၁၄ရက်

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၅-၆-၂၀၁၄ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆:၃၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဖုန်း-၀၂-၈၀၇၉၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆိုင်ခန်းများဖျက်သိမ်းရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါ ဌာနဆိုင်ရာများတွင် အဆောက်အအုံများဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန

ကလေးမူလတန်းကြိုကျောင်း

- (၁၅၀×၃၀)တစ်ထပ်၊ RC ကျောင်းဆောင်တစ်လုံးဆောက်လုပ်ခြင်း။
- (ရေ၊ မီး၊ မိလ္လာအပါအဝင်)
- ၆ပေအမြင့် ချိန်းလင့် ခြံစည်းရိုးကာရံခြင်း (750 Rft)
- စက်ရေတွင်းတူးဖော်ခြင်း (အချင်းပေ ၄' ခန့်မှန်းအနက် ၁၅၀')

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၁-၆-၂၀၁၄ ရက်မှ ၃၀-၆-၂၀၁၄ ရက်

(ခ) **တင်ဒါတင်သွင်းရန်** - ၁-၇-၂၀၁၄ ရက်

(ဂ) **တင်ဒါဖွင့်ရက်** - ၅-၇-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက လူမှုရေးဝန်ကြီးရုံးခန်း ဖုန်း-၀၇၁-၂၄၃၁၃နှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနဖုန်း-၀၇၁-၂၂၈၇၂တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငွေထွန်း ၁၀/ကမရ(နိုင်) ၁၁၂၃၇၉၏ နိုင်ငံကူး လက်မှတ် M-၃၆၂၇၂၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/9361၊ ၈၈/၉၃၆၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ရုံးရပ်၊ မြေကွက်အမှတ်(ပ-၁၀၂၁)၊ဧရိယာ ၀.၁၁၃မ၁၄၆ ဧကရှိ ဒေါ်နုနုခင် အမည်ပေါက်နှစ် ၃၀အငှားဂရန်မြေကွက်အား ပျဉ်းမနားမြို့နယ်မှတ်ပုံတင်စာချုပ်စာတမ်းရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်၅၃၂/၂၀၁၄ ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးနေမျိုးအောင် ၉/မနမ(နိုင်)၀၄၁၂၇၉ (ဘ)ဦးမြမောင်မှ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင်ရေးကူးမှုလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စည်သူမောင် ၁၂/ဒဂရ(နိုင်)၀၁၂၈၉၉ ၏ Passport သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

မောင်စည်သူမောင် ဖုန်း-၀၉-၄၂၁၁၃၄၅၅၈

အမှတ်(၂) အခြေခံပညာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး မုံရွာမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အခြေခံပညာကျောင်းများတွင် အသုံးပြုရန် လေးယောက်တွဲ ခုံရှည်များဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၆-၂၀၁၄ ရက်

တင်ဒါပုံစံပိတ်မည့်ရက်၊ အချိန် - ၆-၇-၂၀၁၄ရက်၊ ၁၆:၃၀ နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၃၃၆၇၀၄၃၅၊ ၀၉-၂၁၀၀၅၆၇၊ ၀၉-၄၀၀၄၁၂၆၅၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၃၁၁၊ မြေကွက်တည်နေရာအမှတ်၃၁၁၊၂လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အုံးနှစ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် ၂၂-၅-၂၀၀၁ ဖြင့် ပိုင်ဆိုင်လာသူ ဦးဇော်လွင်မှ တရားလိုပြုလုပ်၍ မရမ်းကုန်းမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ်၃၀/၂၀၁၃ဖြင့် ဒေါ်အုံးနှစ်အား တရားပြိုင်ထားရှိပြီး ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆို ခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်၄/၂၀၁၄ဖြင့် တရားရုံးကိုယ်စားတရားရုံးမှ ဒေါ်ဦးဆန်းရီ (ဘိလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄အား တာဝန်ပေးအပ်ခဲ့ပြီး ၎င်းမှတရားရုံးအထောက်အထားဒီကရီများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂မြောက်၊မြေကွက်အမှတ်၁၂၅၉(ခ)၊ မြေကွက်တည်နေရာအမှတ် ၁၂၅၉/က၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းငွေအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းငွေ(ဖခင်)နှင့် ဒေါ်သန်းညွန့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်စပယ် ၁၂/သကတ (နိုင်)၁၀၀၅၃၁၊ ၂။ ဦးကျော်စိုးမိုး ၁၂/သကတ(နိုင်) ၁၀၀၅၃၂၊ ၃။ ဦးအောင်မိုး ၁၂/သကတ (နိုင်) ၀၂၂၅၇၃၊ ၄။ ဒေါ်ချယ်ရီသိန်းငွေ ၁၂/သကတ(နိုင်)၁၄၁၈၃၃၊ ၅။ ဦးဇင်ညီညီမိုး ၁၂/သကတ (နိုင်)၁၆၀၆၃၇တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်

ဟားခါး ဇွန် ၇

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များကျဉ်းမြောင်းစေရေးရည်မှန်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုနည်းလမ်းဖြင့် ကျေးရွာသူကျေးရွာသားများ အားလုံးပါဝင်နိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာဘောင်ကို ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ပူးပေါင်းရေးဆွဲခဲ့ပြီး မူဘောင်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်စိတ်တစ်ဒေသအဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဤစီမံကိန်းမှာ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပံ့ငွေကျပ် ၃၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး ချင်းပြည်နယ်အတွင်း ကျေးရွာပေါင်း ၂၄ ရွာတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများက မိမိတို့ကျေးရွာဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြင့်မားစေရန် နည်းပညာဆိုင်ရာအကူအညီများကို ပံ့ပိုးပေးနိုင်ရေးအတွက် သင်တန်းပို့ချခြင်းဖြစ်သဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

သင်တန်းသို့ ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ တွန်းဇံ၊ မတူပီ၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများအပါအဝင် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၇၀ တက်ရောက်ကြပြီးသင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ်တွင် ပလိုင်းကန်တော်ကြီး ပြန်လည်တူးဖော်

ရွှေဘို ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပလိုင်းကန်တော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် ရွှေဘိုမြို့ ဆည်မြောင်းဦးစီးဌာနက ပြန်လည်တူးဖော်လျက်ရှိသည်။

ပလိုင်းကန်တော်ကြီး ပြန်လည်တူးဖော်ခြင်းနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနမှဦးစီးအရာရှိဦးသူရဇော်က "လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၀ ကျော်က တည်ဆောက်ခဲ့တဲ့ ပလိုင်းကန်တော်က အခုချိန်မှာ တိမ်ကောလာပြီး ရေသိုလှောင်နိုင်စွမ်းလျော့နည်းလာပါတယ်။ မိုးတွင်းလောက်ပဲ ရေလှောင်ထားနိုင်ပြီး နွေဆိုခန်းခြောက်နေပါပြီ။ ၂ဒါကြောင့် အခုပြန်လည်တူးဖော်ပြုပြင်နေတာပါ။ ဒီလိုပြုပြင်ဆောင်ရွက်တဲ့အတွက် ကန်ပေါင်တွေ ပိုခိုင်မာလာပြီး ရေသိုလှောင်နိုင်အား ပိုမိုလာမှာဖြစ်ပါတယ်။ ကန်မှာ ရေနည်းတဲ့ နွေရာသီတွင် အနားမှာရှိတဲ့ လက်တံ ၇ ကနေ ရေကူဖြည့်ပေးနိုင်မှာဖြစ်လို့ ရေပြတ်လပ်တာ မဖြစ်နိုင်တော့ပါဘူး။ ရှေးဟောင်းအမွေအနှစ်ရေကန်တစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပါတယ်။ ကန်မှာရေမပြတ်တော့ရင် ဖြည့်စွက်စိုက်ပျိုးရေထုတ်သုံးနိုင်မှာမို့လို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမှာပါ" ဟု ပြောကြားသည်။

စိုးသီဟ(iprd)

သိုး၊ ဆိတ်၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်လှစ်

ရွှေဘို ဇွန် ၇

သိုး၊ ဆိတ်၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို USAIDနှင့် ပြည်ရွှေဘို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ ပြည်ရွှေဘိုနွားမွေးမြူရေးခြံရှိ သင်တန်းခန်းမ၌ ဇွန် ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒေါက်တာဖေတင်က ယခုသင်တန်းဖွင့်လှစ်ရခြင်းသည် ဆင်းရဲနွမ်းပါးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်စေရန် ရည်ရွယ်ကြောင်း၊ သိုး၊ ဆိတ်မွေးမြူသူများအနေဖြင့် သင်တန်းမှပို့ချချက်များကို လေးလေးနက်နက်လေ့လာမှတ်သားစေချင်ကြောင်းနှင့် မိမိ ရပ်ကွက်/ကျေးရွာများတွင်လည်း ဆင့်ပွားသင်တန်းများပေးစေလိုကြောင်း ပြောကြားခဲ့သည်။

သင်တန်းတွင် အမေရိကန်နိုင်ငံစားမြုံပြန်သတ္တဝါမွေးမြူရေး ကျွမ်းကျင်ပညာရှင် Dr. Daniel Miller က ရွှေဘိုမြို့ရှိ သိုး၊ဆိတ်မွေးမြူသူများအားစာတွေ့၊ လက်တွေ့သင်တန်းကို ဇွန် ၃ ရက်နှင့် ၄ရက်တွင် နှစ်ရက်ကြာပို့ချခဲ့သည်။

စိုးသီဟ(iprd)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟောပြောပွဲ ကျင်းပ

ကျောက်ပန်းတောင်း ဇွန် ၅

မြို့နယ်သစ်တောဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနနှင့် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ဆုရရှိကြသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောကြသည်။ ယင်းနောက် "ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုတားဆီးဖို့ လူပ်ရှားမှုအသံတွေ မြှင့်တင်ကြစို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

နေအောင်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်ထုတ်ဝေ

ကော့သောင်း ဇွန် ၇

ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ အသိပညာပေးလက်ကမ်းစာစောင်ကို ဇွန် ၅ ရက်က ထုတ်ဝေဖြန့်ချိသည်။

ကမ္ဘာနှင့်အဝန်း အိုဇုန်းလွှာပေါက်ပြဲမှု ၊ ဝင်ရိုးစွန်းဒေသများမှ ရေခဲပြင်များ အရည်ပျော်ကျမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၊ လူသားတို့၏ စည်းကမ်းမဲ့မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုများ ဖြစ်ပေါ်ကာ ပင်လယ်သယံဇာတများပြုန်းတီးလာမှု၊ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများသေကျေပျက်စီးခြင်းများ နိုင်ငံတကာတွင် ကြုံတွေ့နေကြသည်ဖြစ်ရာ ယခုနှစ်ဆောင်ပုဒ်အဖြစ် "ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု တားဆီးဖို့ လှုပ်ရှားမှုအသံတွေ မြှင့်တင်ကြစို့" ဟူသည့် ဆောင်ပုဒ်သတ်မှတ်ပြီး ကမ္ဘာနှင့်အဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိကြသည်။

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများ၊ ပင်လယ်ပြင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ ပင်လယ်ပြင်၏ လူသားတို့အပေါ် အကျိုးပြုပုံများ၊ မြန်မာနိုင်ငံ၏ ပင်လယ်ပြင်ထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အသိပညာပေးဖော်ပြချက်များ၊ ဆွဲဆောင်မှုရှိသည့် ဒီဇိုင်းအပြင်အဆင်များဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဒက္ခိဏအားမာန်လက်ကမ်းစာစောင်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း သိရ သည်။ စာကြည့်တိုက်သို့ လာရောက်စာဖတ်သူများအား လက်ကမ်းစာစောင် ဖြန့်ဝေ အသိပညာပေးခြင်းလုပ်ငန်းများကို ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ကျော်စိုး(ကော့သောင်း)

ကျုံဒိုးမြို့တွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်

ကျုံဒိုး ဇွန် ၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် အနန္တမေတ္တာအခမဲ့ကုသိုလ်ပြု နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသပေးရေးအဖွဲ့သည် ဇွန် ၅ ရက်က ဒုတိယအကြိမ်မြောက် အခမဲ့လာရောက်စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

ကျုံဒိုးမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ရောဂါဝေဒနာခံစားနေရသူ ၃၀၀ကျော်ကို စမ်းသပ်စစ်ဆေးကုသပေး၍ ဆေးဝါးများကို အခမဲ့ပေးအပ်ကုသပေးခဲ့သည့်အပြင် အနီးဝန်းကျင်မြို့နှင့် ကျေးရွာများမှဝေဒနာရှင် ၂၆၃၉ ဦးအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့သည်။ အရေးကြီးဝေဒနာရှင်များကို ဘားအံပြည်သူ့ဆေးရုံတွင် အခမဲ့ကုသနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

အမည်ပြောင်း

ဆောမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဌေးဌေးမောင် ဆမန(နိုင်) ၀၅၉၈၇၁အား မောင်ဝေယံဟုပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါဌာနဆိုင်ရာများ၏ တည်ဆောက်ရေးလုပ်ငန်းနှင့် မော်တော်ယာဉ်များအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တိုင်းဒေသကြီးသစ်တောဦးစီးဌာန**
- မော်လိုက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် (၄၀'×၃၀'×၁၂') (၁)လုံး
- မော်လိုက်ခရိုင် တောအုပ်ကြီးနေအိမ်(၂)နှစ်ခန်းတွဲ(၆၃' ၉"×၃၂' ၃"×၁၅')(၁)လုံး
- မုံရွာမြို့နယ် ဝန်ထမ်းအိမ်ရာလုံးချင်းနေအိမ်(၂၅'×၁၈'×၁၃')(၂)လုံး

(ခ) **တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
- အရာရှိအိမ် (၃၆ ပေ×၃၂ ပေ) (၁)ထပ်(၁)လုံး
- အရာထမ်းအိမ်(၂)ခန်းတွဲ(၄၀ပေ×၂၈ ပေ) (၁)ထပ်(၁)လုံး
- အမှုထမ်း (၂)ခန်းတွဲ(၄၀ပေ×၂၈ ပေ) (၁)ထပ်(၁)လုံး
- အဝီစိတွင်း (၁)တွင်း
- ဗင် (၁)စီး
- ဟွန်ဒါဖစ် (၁)စီး

၂။ တိုင်းဒေသကြီးသစ်တောဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** -၅-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** -၅-၇-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ

၃။ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** -၅-၆-၂၀၁၄ ရက်မှ ၁၉-၆-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** -၂၀-၆-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဖုန်း-၀၇၁-၂၂၉၉၃/၂၃၈၈၄၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖုန်း-၀၉-၃၁၄၆၃၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တင်ဒါခေါ်ယူရေးအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ကိုယ်ပွားသတင်းစာတိုက် ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** -၁၀-၆-၂၀၁၄ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက် -၂-၇-၂၀၁၄ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်အချိန် -၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၇၁-၂၄၃၁၃ (လူမှုရေးဝန်ကြီးရုံးခန်း)
(ခ) ၀၇၁-၂၄၁၇၀ (စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့)
(ဂ) ၀၇၁-၂၁၁၁၄ (စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

တင်ဒါခေါ်ယူရေးအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး

တောင်ငူမြို့တွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အိမ်နှင့်မြေကွက်ရောင်းမည်

- (၁၉)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့် ဒေါနလမ်းထောင့်
- ဧရိယာ ၀ ဒသမ ၇၀၁ဧက၊ ဂရန်မြေ နှစ် (၉၀)
- အိမ်အမျိုးအစား လေးပင်ပတ်လည် နှစ်ထပ်ပျဉ်းခင်းပျဉ်ကာ၊ သွပ်မိုး၊ အိမ်ရှေ့ဆင်ဝင်ပါ၊ အောက်ထပ်အုတ်ဖိနပ်ခံ၊ ရေနှင့် လျှပ်စစ်မီးပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၉၁၅၄၉၄၅၊ ၀၉-၂၀၃၂၅၀၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၈၈၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ အမှတ် ၁၃၈၈၊ အနော်ရထာလမ်း၊ ၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ချထားပေးခြင်းခံရသူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဦး **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၆(ကံဘဲ့)၊ မြေကွက်အမှတ် ၁/စ၂၊ ဧရိယာ ၀ဒသမ၁၇၄ ဧကရှိ ဂရန်မြေကွက်ကြီး၏ တစ်ဝက်တိတိ၊ အကျယ်အဝန်းအားဖြင့် ပေ(၄၀×၁၀၀)အကျယ်၊ အနောက်ဘက်ခြမ်းပိုင်းရှိ မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာ အမှတ် -၉၊ မြသီတာလမ်း၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဦးထိန်လင်း၁၂/ရကန(နိုင်)၀၃၈၄၆၆၏ ပါဝါရသူ ဒေါ်ခင်ဖြူလင်း ၁၂/တမန(နိုင်)၀၁၁၁၈၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် (LL.B) **ဦးမျိုးသူရအောင် (စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) **အထက်တန်းရှေ့နေများ**
အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စဉ့်ကူးမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၆

ဦးဌေးအောင် **နှင့်** ၁။ ဦးနာဂိန္ဒ ဒေါင့်ကြီးကျောင်း၊ ဆင်သေရွာ
ရွှေဘယက်ရွာ ၂။ ဦးသောင်းဝေ (ဘ) ဦးဘသိန်း
၃။ ဦးဌေးဆောင် (ဘ) ဦးပြေ
၄။ ဒေါ်မိုး (ဘ) ဦးပြေ၊ တောင်သူ၊ ရွှေဘယက်ရွာ
၅။ ဒေါ်စိုး (ဘ) ဦးပြေ၊ တောင်သူ၊ ညောင်ပင်ရွာ
၆။ ဦးချစ်ပြား (ဘ) ဦးပြေ၊ ၁၃၀ဘီ (ဒုတိယထပ်)၊ (၁)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
၇။ ကိုကျော်နိုင် (ဘ) ဦးသောင်းဝေ၊ တောင်သူ၊ ရွှေဘယက်ရွာ။

တရားလို **တရားပြိုင်များ**

၁။ ဦးနာဂိန္ဒ ဒေါင့်ကြီးကျောင်း၊ ဆင်သေရွာ၊ စဉ့်ကူးမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
၂။ ဦးသောင်းဝေ (ဘ) ဦးဘသိန်း၊ တောင်သူ၊ ရွှေဘယက်ရွာ၊
၃။ ကိုကျော်နိုင် (ဘ) ဦးသောင်းဝေ၊ တောင်သူ၊ ရွှေဘယက်ရွာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
၄။ ဦးချစ်ပြား (ဘ) ဦးပြေ၊ ၁၃၀ဘီ (ဒုတိယထပ်)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၄ရက်(၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်မြင့်ထွန်း)
မြို့နယ်တရားသူကြီး
စဉ့်ကူးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိတ္ထီလာမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဒေါ်ခွေးမ **နှင့်** ၁။ ဦးမောင်မောင် (ဦးသိန်းရွှေ၏တရားဝင်ကိုယ်စားလှယ်)
၂။ ဦးဌေးဝင်း၊ ၃။ ဒေါ်ခင်စန်းတင်
၄။ ဒေါ်ရီရီမြင့်၊ ၅။ ဦးခင်မောင်ဝင်း
၆။ ဦးမြင့်ထွေး၊ ၇။ မခင်စန်းလွင်
၈။ ကိုအေးမြင့်၊ ၉။ မအေးခိုင်
၁၀။ ဒေါ်ပွေးမ၊ ၁၁။ ဒေါ်ဖြူမ
၁၂။ ဒေါ်အေးကျင်၊ ၁၃။ ဦးကြည်မြ
၁၄။ ဒေါ်စန်းစန်းအေး၊ ၁၅။ ကိုနိုင်ဝင်း
၁၆။ မစန်းစန်းထွေး၊ ၁၇။ ဒေါ်ကြည်ညွန့်
၁၈။ ဒေါ်ဝိုင်းကြည်၊ ၁၉။ ဒေါ်ကြည်ဌေး၊
၂၀။ ကိုတင်အောင်၊ ၂၁။ ကိုကျော်ထွေး
၂၂။ ကိုတင်ဆန်း၊ ၂၃။ မနီနီ၊ ၂၄။ မစိမ်း

တရားလို **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မော်(၁)ရပ်ကွက်နေ ဦးမောင်မောင် (ဘ)ဦးသိန်းရွှေ (ဦးသိန်းရွှေ၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်၏ ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယမင်းသန့်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
မိတ္ထီလာမြို့နယ်တရားရုံး

မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၁) သူရတပ်ခွဲ၏ (၂၃)နှစ်မြောက် မိတ်ဆုံစားပွဲအား နေပြည်တော်၊ သပြေကုန်းရှိ မောခမ်းနွံ(၂) စားသောက်ဆိုင်တွင် ၂၁-၆-၂၀၁၄ရက် ၁၈:၀၀နာရီ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူများ၊ အငြိမ်းစားယူခဲ့ကြသည့် သူငယ်ချင်းများနှင့် မိသားစုများပါ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။ **OTS (၈၁)သူရတပ်ခွဲ**

ဆက်သွယ်ရန် **စိန်ဝင်း** **ဖုန်း-၀၉-၂၅၀၂၀၅၅၂၃**
ကျော်စိုးဝေ ဖုန်း-၀၉-၅၀၈၉၂၄၂
ကျော်မြင့် ဖုန်း-၀၉-၄၂၀၇၂၄၀၃၀

ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ ကျူချောင်ကျေးရွာနေ မခိုင်သင်းဝေ Q-၃၀၃၄၇၄၏ဖခင် ဦးမောင်ကြည်၏ အမည်မှန်မှာ ဦးအုန်းမောင် ၁၀/ကထန(နိုင်)၀၂၄၈၂၈ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၄) မရမ်းကုန်းမြို့နယ်၊ တက္ကသိုလ်ဝင်တန်း(A)ရှိ မောင်သက်နိုမိုး၏ ဖခင်အမည်မှန်မှာ ဦးနေလွင်ဦး ၁၂/ဥကတ(နိုင်)၁၆၀၁၆၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မမြမြသင်း ၁၂/တကန(နိုင်) ၂၀၉၅၅၅၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်း(ခ)ဦးစိန်မြင့် ဖြစ်ပါကြောင်း။ **မမြမြသင်း**

ဖခင်အမည်မှန်မှာ

ပေါင်းတည်မြို့၊ မင်းကွက်(၂)ရပ်ကွက်၊ ၁၇ လမ်း၊ အထက(ခွဲ)ကျောင်းတွင် ပညာသင်နေသော မောင်ဟန်ဇော်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးသိန်းနိုင်ဦး ၇/ပတတ(နိုင်)၀၅၇၁၄၉ ဖြစ်ပါကြောင်း။ **ဦးသိန်းနိုင်ဦး**

အမည်ပြောင်း

ဦးကြည်ဝင်း၏သား မောင်စောစံထွန်းအား မောင်စံညိမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စံညိမ်း**
၆/မမန(နိုင်)၁၅၇၄၁၇

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာ အထက(ခွဲ)ကျောင်း နဝမတန်းမှ မောင်ဇေမျိုးခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းထူး ၅/ယမပ(နိုင်) ၀၅၅၅၇၉ ဖြစ်ပါသည်။ **ဦးအောင်ဆန်းထူး**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၂၂၅၄ Dodge D-200, L/T(4×2)ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်)၀၄၇၃၂၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ဇော်ချမ်းကုန်းအုပ်စု၊ အကွက်အမှတ် ၁၉-ဠ၊ ဇော်ချမ်းကုန်း၊ မြေကွက်အမှတ် ၅၊ ဧရိယာ ၀ဒသမ ၀၆၀ဧကရှိ မြေကွက်သည် ၃၀-၉-၁၉၉၈မှ ၂၉-၉-၂၀၂၈ အထိ ဦးရဲထွန်းအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားပါသည်။ ဦးရဲထွန်းမှာ ၇-၈-၂၀၀၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်မာလာ(ခ) ဒေါ်ခင်သီတာ ၅/ တလလ(နိုင်)၀၁၄၉၃၀က ၎င်းမှာ တရားဝင်ဇနီးဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ထား၍ နေအိမ်ပြောင်းရွှေ့စဉ်က ဂရန်မူရင်းပျောက်ဆုံးကြောင်း အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်တို့နှင့်အတူ မြေငှားဂရန်မိတ္တူလျှောက်ထားလာပါသည်။ ယခုအခါ ဒေါ်ခင်မာလာ(ခ) ဒေါ်ခင်သီတာအမည်ဖြင့် မြေငှားဂရန်မိတ္တူ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ထမုန်ကန်အုပ်စု၊ မဟာစည်၊ အကွက်အမှတ် ၉-န၊ မဟာစည်၊ ဦးပိုင်အမှတ် ၁၇၊ မြေကွက်အမှတ် ၂၉၃၊ ဧရိယာ ၀ဒသမ ၀၃၄ဧကရှိ မြေကွက်သည် ၂-၁၂-၁၉၉၂မှ၁-၁၂-၂၀၀၂အထိ ဗိုလ်ကြီးအောင်မြင့်ဆွေအမည်ဖြင့် (၁၀)နှစ်ဂရန်ရရှိထားပါသည်။ ဗိုလ်ကြီးအောင်မြင့်ဆွေမှာ ၂၄-၈-၁၉၉၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်မြင့်မြင့်လှိုင် ၁၂/မဘန(နိုင်)၀၀၅၄၃၅က ၎င်းမှာတရားဝင်ဇနီးဖြစ်ပါကြောင်း တရားရုံးကျမ်းသစ္စာကျိန်ဆိုချက်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း၊ တပ်မှူး၊ အမှတ်(၂)လေယာဉ်မောင်းသင်ကျောင်း၏ ကွယ်လွန်သူ ဗိုလ်ကြီးအောင်မြင့်ဆွေ၏ တရားဝင်ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်များနှင့်တကွ ဂရန်သစ်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့်ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာမြို့

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဖလမ်းမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဦးဆလျန်ခုမ်း **နှင့်** ဒေါ်လဲင်ဇာတလိန်း
တရားနိုင် **တရားရှုံး**

ဒေါ်လဲင်ဇာတလိန်း၊ ဖလမ်းမြို့၊ ကျင်မွှာလ်ရပ်ကွက်၊ မြေကွက်အမှတ်(၆)၊ ဦးပိုင်အမှတ် (၄၅)၊ အိမ်အမှတ် က/၈၄ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဆလျန်ခုမ်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၀ရက်၊ မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေမျိုးဗိုလ်)
မြို့နယ်တရားသူကြီး
ဖလမ်းမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၈၁၂၅ Sang Da TRUCK PU(4×2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၃/တကန(နိုင်) ၁၄၃၅၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဘီ၊ မြေကွက်အမှတ် ၂၉/H၊ ဧရိယာ ၀ ဒသမ ၀၆၁ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသွင်အောင်ခန့် ၁၂/ကတတ(နိုင်)၀၂၈၈၅၅နှင့် ဦးလွင်အောင်သန့် ၁၂/ကတတ(နိုင်)၀၂၈၈၅၆ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးသွင်အောင်ခန့် ကွယ်လွန်သဖြင့် ဦးလွင်အောင်သန့်က အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ဦးလွင်အောင်သန့်ထံမှ ဦးဇော်ဝင်းသန်း ၁၂/ဗဟန(နိုင်)၀၄၅၉၅၃က ဝယ်ယူထားပါသည်။ ဦးဇော်ဝင်းသန်းထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ မကာဟိုခမ်း/မြို့မရပ်ကွက်၊ အကွက်အမှတ် ၃၊ မြို့ကွက်သစ်အပိုင်း(င)၊ ဦးပိုင်အမှတ် ၁၃၈၊ မြို့မြေ၊ ဧရိယာ ၀ဒသမ ၀၆၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့နယ်မြေစာရင်းရုံးတွင် ဒေါ်ပီနန်း တီစီကေ-၀၃၆၂၄၅ ၏အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျပ် ၃၀၀၀၀၀၀ (ကျပ်သိန်းသုံးဆယ်တိတိ)ဖြင့် ကျွန်မ မမျိုးသူဇာ ၉/အမဇ(နိုင်)၀၄၀၇၅၂ထံသို့ ၁၉၉၄ခုနှစ် မတ်လ ၃ရက်က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်မ မျိုးသူဇာ ၉/အမဇ(နိုင်)၀၄၀၇၅၂မှ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ဒေါ်ပီနန်း တီစီကေ-၀၃၆၂၄၅သည် ၎င်းရောင်းချပေးခဲ့ပြီးဖြစ်သော အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်စာချုပ် ပြုလုပ်ဆောင်ရွက်ပေးရန် ငြင်းဆိုပျက်ကွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ပီနန်း တီစီကေ-၀၃၆၂၄၅သည် ကျွန်မ မမျိုးသူဇာ ၉/အမဇ(နိုင်)၀၄၀၇၅၂ထံသို့ ရောင်းချပေးခဲ့သော အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်သည့် အရပ်ကတိစာချုပ်အား တရားဝင်မှတ်ပုံတင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကိုယ်တိုင်လာရောက်အသိပေးကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မမျိုးသူဇာ
၉/အမဇ(နိုင်)၀၄၀၇၅၂
အမှတ် ၈/၉၃၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့၊
ဖုန်း-MPT-၀၉-၃၆၁၇၅၂၈၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၅၆၇၄၃၊ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုးဇော် ၁၄/ကကန(နိုင်)၁၀၈၉၃၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၁၄၃၁၊ Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၁/ဗမန(နိုင်)၀၄၈၁၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၂၈ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် ၂၈(က)၊ အကျယ်ပေ (၆၀×၂၀)မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား (၁)ဒေါ်ခင်လှဝင်း ၁၂/ဥကတ(နိုင်)၀၈၄၈၂၉၊ (၂)ဦးညွန့်တင် ၁၂/ဥကတ(နိုင်)၀၈၄၈၄၀၊ (၃)ဒေါ်သိန်း ၁၂/ဥကတ(နိုင်)၀၈၆၀၇၂တို့မှ ပူးတွဲပိုင်ဆိုင်ပြီး ဦးညွန့်တင်သည် ၂၁-၂-၁၉၉၄ ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ဇနီး ဒေါ်ခင်အေးကြူ ၁၂/ဥကမ(နိုင်)၀၁၁၁၅၈နှင့် ကျန်အမည်ပေါက်ပိုင်ရှင်များမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၆၇/စီ၃ဘီဟုခေါ်တွင်သော (အလျားပေ၅၀×အနံ ၂၅ပေ)ရှိ ကွန်ဒိုတိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်သူ ဦးပြုံးချိုအောင် ၁၄/ပသန(နိုင်)၀၀၀၁၅၁က မိမိတရားဝင်ပိုင်ဆိုင်ကြောင်းနှင့် အမွေဆိုင်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ပြောပြဝန်ခံလျက်ရှိပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေကျပ်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား ဂရန်မူရင်းယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင်၊ အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

သားသမီးများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နေ အိမ်ထောင်ခွဲသားသမီးများဖြစ်ကြသော လှည်းစုကျေးရွာမှ ကိုယုနိုင်၊ လက်စွပ်ကျကျေးရွာမှ ကိုရဲဝင်းနှင့် ကိုဇော်ထူး၊ အုတ်တွင်းမြို့နေ သမီးဖြစ်သူ မဌေးဌေးဝင်းတို့သည် မိခင်အိုကြီးအား နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ကြသည့်အပြင် ခြိမ်းခြောက်မှုများကိုပါ ကျူးလွန်ပြုလုပ်လာကြသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားသမီးများအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

မိခင်-ဒေါ်မြ ၇/အတန(နိုင်)၀၃၆၃၂၄
လက်စွပ်ကျကျေးရွာ၊ အုတ်တွင်းမြို့နယ်

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် ၅၃၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၃၄၊ မြို့ပတ်(၃)လမ်း၊ သာကေတမြို့နယ်၊ ဦးခွေး AC-၀၀၁၅၀၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခွေး(ခင်ပွန်း)၊ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်မြ ၁၂/သကတ(နိုင်)၁၁၄၁၃၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝါဆို၊ မြေကွက်အမှတ် ၂၃၈၊ မြေကွက်တည်နေရာအမှတ် ၄၊ ပုလဲလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိုးခိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးခိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အုန်းတင် ၁၂/ဒပန(နိုင်)၀၁၄၄၇၉မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ကိုကိုကြီး

ပါမောက္ခ(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

အသက် (၈၃)နှစ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာ ကိုကိုကြီးသည် ၂၉-၅-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၃-၇၇ခုနှစ်
ဓာတု/ကုန်ထုတ်ဓာတုတပည့်များ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၅၊ မြေကွက်အမှတ် ၁၃၁၈(ခ)၊ မြေအမည်ပေါက် ဦးတင်လှိုင် ၁၀/သထန(နိုင်)၀၉၁၁၅၀၏ ခြေချစလစ်ဖြင့် ဒေါ်သီသီရင် ၁၂/စခန(နိုင်)၀၂၉၅၁၈မှ မြေချပါမစ် ပြုလုပ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၆)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/တိုးချဲ့(မင်းနန္ဒာအိမ်ရာ)၊ မြေကွက်အမှတ် ၂၇၈၊ ဧရိယာ ဝဒသမ ၁၆၁၈ကေ၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးအောင်မြတ်စိုး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၁၆၀၁/၂၀၁၂)ကို တင်ပြ၍ ဒေါ်တင်မင်းသန်း ၁၂/တမန(နိုင်)၀၃၆၃၂၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူးရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၈၈၉၊ မြေကွက်တည်နေရာအမှတ် ၈၈၉၊ အောင်သစ္စာလမ်း၊၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်ရှင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှင်း (ယောက္ခထီး)ဒေါ်ဆွေဆွေနွဲ့(ယောက္ခမ)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်သီတာအေးတို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမက်နှင့် ခင်ပွန်းတော်စပ်သူ ဦးဘထွန်း ၁/ဗမန(နိုင်) ၀၀၆၃၆၁ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၆/ရွှေပေါက်ကံ၊ မြေကွက်အမှတ်၄၀၈၊ မြေကွက်တည်နေရာအမှတ် ၄၀၈၊ ဗိုလ်တေဇလမ်း၊၁၆/ရွှေပေါက်ကံ၊ (ဗမသိန်းဝင်း၊ ဗွီ/အာဂျီအန်-၀၀၀၅၂၅) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဗမသိန်းဝင်း (တရားရုံး)ကိုယ်စား တရားရုံးဘိလစ် ဦးခင်မောင်ချစ် ၁၂/သကတ (နိုင်)၁၀၈၇၃၉ က မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁/၂၀၁၄)၏ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ်(၁၂/၂၀၁၄)တို့ကို တင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၁၀ ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ် (၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၆၂)၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၂၄၊ မြေဧရိယာ ဝဒသမ၅၀၁ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇင်မင်းအောင် ၁၂/ရကန(နိုင်)၀၇၄၂၄၈က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲဖိတ်ကြားလွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ဝိုင်းအတွင်းရှိ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ နှစ်စဉ်ပြုလုပ်လျက်ရှိသော ပဋ္ဌာန်းဘုရားပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြိုင်ပွဲဝင်လိုသော ဝတ်အသင်းများမှ ဖောင်များကို ၃၀-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။

ပထမဆု ၅ သိန်း၊ ဒုတိယဆု ၄ သိန်း၊ တတိယဆု ၃ သိန်း၊ စတုတ္ထဆု ၂ သိန်း၊ ပဉ္စမဆု ၁ သိန်းစသော ဆုပေါင်းများစွာပါဝင်သည်။

ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ
အမှတ်(၅)ဝိုင်း၊ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၊
ဖုန်း-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြင့်မြင့်ရီ ၁၂/ဥကမ(နိုင်)၀၂၅၆၉၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၆၅၆၃၉၅

ခြံကွက်ကျယ်အရောင်း

(1).120'× 80' ဗိုလ်ဗထူးလမ်းမမေးတင်၊ 1PT ရေမီး၊ ဘိုးဘွားအရပ်စာချုပ်

(2).60'× 60' ပန်းဥယျာဉ်လမ်းမပေါ်၊40'× 40' 1BN ရေမီး၊ ဘိုးဘွားအရပ်စာချုပ်

(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

ဖုန်း-၀၉-၅၁၅၅၀၀၁၊ ၀၉-၃၁၃၅၇၃၂၇

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ် (၉၄၁/က)၊ မြေကွက်တည်နေရာအမှတ် (၉၄၁/က)၊ မာန်ပြေ(၄)လမ်းအနောက်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)နှင့် ဦးသောင်းဖေ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကျင်ကျင်မော် ၁၂/သကတ(နိုင်)၀၃၈၅၂၈ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၅၄/၂၀၁၄)ရသူ ဦးကျော်စွာထက် ၁၂/သကတ(နိုင်)၁၂၅၆၂၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ပတ္တမြား/တောင်၊ မြေကွက်အမှတ် ၅၇၄၊ မြေကွက်တည်နေရာအမှတ် ၅၇၄၊ မြစ်ပါယ်ပတ်လမ်း၊ တကက မောင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်ထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်နွယ်နီဦး ၁၂/သဃက (နိုင်)၁၁၆၅၄၉ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ခံဝန်ချက်၊ မြေပြင်တွင်နေထိုင်ကြောင်း EO ရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)ဂရန် မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၀၃၅၂၊ Suzuki Shogun 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံအောင် ၁၄/ပသန(နိုင်)၀၃၈၉၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၅၈၅၅ 8H/5855 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဦးမောင်နီ(ကန်ထရိုက်တာ)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ဇာဝေယာလမ်း၊ အမှတ် ၃၆၄ ဟုခေါ်တွင်သော မြေဧရိယာ(အလျားပေ ၃၀×အနံပေ ၃၀)အကျယ်အဝန်းရှိ ဒေါ်စီစီမြင့်ပိုင်ဆိုင်သောမြေကွက်ပေါ်တွင် အခန်းပေးခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်(၁၀-၇-၂၀၁၃)ရက်တွင် မြေရှင် ဒေါ်စီစီမြင့်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၅၉၊ ၁၂၂ လမ်းနေ ကန်ထရိုက်တာ ဦးမောင် နီ ၁၂/ဒဂတ(နိုင်)၀၁၇၈၃၄ တို့သည် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ စာချုပ်ချုပ်ဆိုပြီးနောက် ကန်ထရိုက်တာ ဦးမောင်နီသည် အဆိုပါမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ရန်အတွက် မည်သည့်လုပ်ငန်းကိုမှ တစ်စုံတစ်ရာဆောင်ရွက်ခြင်းမပြုသည့်အပြင်မြေရှင်ဒေါ်စီစီမြင့်နှင့်လည်း တစ်စုံတစ်ရာဆက်သွယ်ဆောင်ရွက်ခြင်းမရှိသဖြင့် ၁၀-၇-၂၀၁၃ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ တိုက်သစ်ဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူကတိစာချုပ်အား ဤကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင် ဖျက်သိမ်းလိုက်ကြောင်း ဦးမောင်နီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စီစီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းဇာနည်လွင်(စဉ်-၃၆၆၄၃)
(အထက်တန်းရှေ့နေ)
အမှတ် ၂၀၊ သုဝဏ္ဏရဲစခန်းဝင်း
သဃ်န်းကျွန်းမြို့နယ်။

ဦးဝင်းရွှေ(စဉ်-၄၆၂၅)
(တရားလွှတ်တော်ရှေ့နေ)
တိုက် ၁၆၂/၃၊ ကမာကြည်လမ်း၊
သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/တောင်)၊ မြေကွက်အမှတ် (၅၄၅/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၄၅/ခ)၊ ကျောင်းလမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြင့်သိန်းအမည်ပေါက်၊ နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်သိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြသန်း ၁၄/ဖပန(နိုင်) ၀၃၄၅၇၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၂၅၄၅၄/၁၃)ရသူ ဒေါ်ခင်သန်းစု ၁၂/ဗတထ(နိုင်)၀၁၅၁၂၂က သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅)၊ မြေကွက်အမှတ် (၁၃/က)၊ မြေကွက်တည်နေရာအမှတ် (၁၃/က)၊ မြင်သာ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးစီအမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်အေးစီနှင့် ခင်ပွန်း ဦးထယ်တို့ကွယ်လွန်၍ ဒေါ်ခင်မျိုးချစ် ၁၂/ဥကတ(နိုင်)၁၇၆၇၅၉၊ ဒေါ်ခင်ရွှေဝါ ၁၂/ဥကတ(နိုင်) ၀၁၁၄၄၉၊ ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၀၇၁၄၈၁၊ ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၁၄၉၃၆၄တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၀၉၇၊ Hibao 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်း ၁၄/ပသန(နိုင်)၁၀၄၀၉၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖောင်းကြွန်ပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၆၀၅၈၊ 9E/6058 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၃၆၅၄ Suzuki Viva-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမောင်၁၄/ကကန(နိုင်)၀၀၈၉၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉၇)၊ ကျောက်တန်း မြေကွက်အမှတ် ၁၆၀၊ မြေကွက်တည်နေရာအမှတ် (၁၆၀)၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဘားလား၊ ရွှေနံ့သာသစ်ခွခြံအတွင်းရှိ မြေကွက်အား လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးခင်မောင်ဝင်း ၁၂/မဂတ(နိုင်)၀၈၃၉၆၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ၄၃၁၈(၁၃-၂-၂၀၁၄) ရရှိထားသူ ဒေါ်အေးအေးသင်း ၁၂/သဃက (နိုင်)၀၄၈၂၁၃က လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်များ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၄၆၂၄ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းငြိမ်း ၁၄/ကကန(နိုင်)၀၁၁၃၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၉၃၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ (၉) လမ်း၊ အမှတ်(၄၉၃)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည် ပေါက်ပိုင်ရှင် ဒေါ်စန်း(ခ)ဒေါ်ခင်လေး ၁၂/ဥကတ(နိုင်)၀၅၀၅၃၆ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်သက်ထွန်း ၁/ပတအ(နိုင်) ၀၀၀၀၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)တို့ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ဦး LL.B (စဉ်-၂၁၃၉၉) — **ဒေါ်လေးမြိုင် LL.B, D.B.L (စဉ်-၃၀၇၈၀)**

အထက်တန်းရှေ့နေများ

အမှတ် (၂၆၄)၊ ပထမထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၂၉၂၆၄၊ ၀၉-၄၀၁၅၆၃၉၈၃၊ ၀၉-၄၂၀၁၇၆၁၃၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် ၁၈၆/က၊ မြေကွက်တည်နေရာ ၁၈၆/က၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်အုံးတင်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်(မိခင်)ဒေါ်အုံးတင်၊(ဖခင်) ဦးသန်းမောင်တို့ကွယ်လွန်၍ ဦးမြင့်သန်း ၁၂/ဥကတ(နိုင်)၁၁၆၀၁၄၊ ဦးဌေးဝင်း ၁၂/ဥကတ(နိုင်)၀၅၈၇၅၁၊ ဒေါ်ဌေးဌေးရီ ၁၂/ဥကတ(နိုင်)၀၅၈၈၀၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းနှင့် ဖခင် ဦးသန်းမောင် သေဆုံးကြောင်း (ရယက၊ မယက)ထောက်ခံချက်တို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၅၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၅၃/ခ၊ ရန်ပြေ(၁၈)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကံမြင့် အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကံမြင့်(ဖခင်)နှင့် ဒေါ်မြရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ကြည်ကြည်မြင့် ၁၂/သကတ (နိုင်)၀၄၁၈၁၄၊ (၂)ဦးအောင်ဇော်မြင့် ၁၂/သကတ(နိုင်)၁၃၄၉၇၃၊ (၃)ဦးထွန်းထွန်း ၁၂/သကတ(နိုင်)၁၃၄၁၂၉၊ (၄) ဒေါ်နွယ်နီဝင်း ၁၂/သကတ(နိုင်)၁၄၁၃၉၇၊ (၅)ဦးကျော်စွာမြင့်၁၂/သကတ(နိုင်)၁၄၉၁၃၆၊(၆)ဦးထက်ဇော်မြင့် ၁၂/သကတ(နိုင်)၁၅၂၃၃၉တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဗိုလ်မှူးညွန့်မောင် (ငြိမ်း)

BC-5923၊ အပတ်စဉ်(၄)

ပလနဖဦးစီးဌာန

ညွှန်ကြားရေးမှူး(ငြိမ်း)၊လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန

အသက်(၁၀၃)နှစ်

မန္တလေးမြို့နေ (ရဲမင်းကြီး ဦးတုတ်-ဒေါ်မမကြီး)တို့၏သား၊ တိုက် ၁၈၊ အခန်း ၄၊ ကြို့ကုန်းအရာရှိရိပ်သာ(အနောက်)၊ အင်းစိန်မြို့နယ်နေ(ဒေါ်သောင်းကျင်)၏ခင်ပွန်း၊ ဒေါ်တင်တင်မြင့်၊ ဦးနေဝင်း (တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်း)၊ (အတွင်းရေးမှူး၊ အနောက်ပိုင်းခရိုင် ပြည်ခိုင်ဖြိုးပါတီ)-ဒေါ်ရီရီစိုး၊ ဦးဟန်တင့်(ခ)ဦးပါ (B.M.B Co., Ltd.-115 မိုင်၊ တာဝန်ခံ)-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်မင်း (ကျောက်မျက်) - ဒေါ်လွင်လွင်ဦး၊ ဦးအောင်မင်း(Winner Land Eng;service Group)-ဒေါ်မာလာမြင့်(U.M.W Co.,Ltd.)၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်မာအေး၊ ဦးကျော့ရှင်း-ဒေါ်ချိုချိုဦးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၄ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မမြင့်မြင့်လှိုင်

B.Sc (Match) MBA 6 Betch

အသက်(၄၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ အမှတ် ၄/၂နေ ဦးစိန်လှိုင်-(ဒေါ်ကျင်မြင့်)တို့၏သမီးထွေး၊ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးကြီးမြင့်နိုင်-ဒေါ်ခင်ချိုချိုလှိုင်တို့၏ညီမ၊ မောင်တာရာရှင်းသန့်၏မိခင်၊ မောင်ကောင်းထက်၊ မောင်ညဏ်မိုးအောင်တို့၏အဒေါ်သည် ၆-၆-၂၀၁၄ရက် ည ၁၀နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများဝင်ရောက်နိုင်

နေပြည်တော် ဇွန် ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၄ ဒသမ ၄၅လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၆၆လက်မ၊ နောင်ချိုမြို့တွင် ၃ ဒသမ ဝ၃လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၆၈လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၆၄လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၅၂လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၄၈လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၄၄လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၂၈လက်မနှင့် ပုသိမ်ကြီးမြို့တွင် ၂ ဒသမ ၁၃လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်း များကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။မိုးသက်လေပြင်း ကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။ **မိုး/ဇလ**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၁၄(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၀၀ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ နံနက်ခင်းသတင်း
- ၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၁၀း၁၅ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား မိတ်ဆက် (Belgium and Uruguay)
- ၁၁း၁၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၂း၃၅ ဖြူမဲရုပ်ရှင် **စိမ်းလို့သာခေါ်လိုက်ပါ** ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ စံရှားတင်၊ မေသစ် (ဒါရိုက်တာ-မောင်နန္ဒ)
- ၁၅း၀၀ ပြည်တွင်းသတင်း
- ၁၆း၃၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၇း၀၀ ပြည်တွင်းသတင်း
- ၁၇း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၀၀ ပြည်တွင်းသတင်း၊
- ၂၀း၃၅ မြန်မာ့အသိုက် အဝန်းထဲမှအမျိုးသမီးများ - ရင်ခုန်လက်ကမ်း တေးသစ်လမ်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောတင်

အသက်(၈၈)နှစ်

ဦးတင်ဇံကျော် (Director၊ ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း ကုမ္ပဏီလီမိတက်) (M.D, Device Services Co., Ltd.)၏မိခင် ဒေါ်စောတင်သည် ၈-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးခင်မောင်ကြီးသည် ၂၈-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

ခွဲစိတ်အထူးကု/မေ့ဆေးအထူးကုနှင့်
ခွဲစိတ်ခန်းဝန်ထမ်းများ
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

ဆရာမ ဒေါ်စိန်စိန်

အထက(၂)ဗဟန်း(ငြိမ်း)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ တိုက် အမှတ် ၁၊ သုံးလွှာ(A)နေ (ဦးပါ-ဒေါ်လှတင်)တို့၏သမီး၊ ဦးခင်မောင်ဦး၊ မဇာဇာလင်းတို့၏မိခင်၊ မအိနီကို(အထက-၂၊ ဗဟန်း)၏ အဘွားသည် ၇-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၄ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်နု (ရွှေကူမြို့)

(ဗန်းမော်အသင်း)

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အမှတ်(၈)၊ မြို့သစ် ၃လမ်းနေ (ဦးမရူဂမ်-ဒေါ်သန်းတင်)တို့၏သမီး၊ ဦးအောင်မြင့်(ဒု-အင်ဂျင်နီယာမှူးကြီး၊ငြိမ်း)၏ဇနီး၊ဦးမြင့်သန်းဦး-ဒေါ်မြရည်၊ ဦးအောင်ဇော်ဟိန်း-ဒေါ်ခိုင်ခိုင်ဦး၊ ဦးအောင်ဖြိုးသစ်-ဒေါ်ခင်သက်ထွန်း၊ ဦးအောင်ဇော်မိုးတို့၏မိခင်၊ ဦးတင်ပို-ဒေါ်ခင်စန်း၊ ဦးညဏ်သန်း-ဒေါ်ခင်ဝင်းရွှေ၊ ဦးမြင့်အောင်တို့၏အစ်မကြီး၊ မြေးနှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ယဉ်နု(ပညာရေး၊ငြိမ်း)သည် ၇-၆-၂၀၁၄ရက် (စနေနေ့) နံနက် ဝ၀း၃ဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗန်းမော်အသင်း(ရန်ကုန်)

ဒေါ်ယဉ်နု(ရွှေကူ)

ဗန်းမော်အသင်း(ရန်ကုန်)အမှုဆောင်

အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၃လမ်း၊ အမှတ် ၈နေ [ဦးအေး(ခ)ဦးမရူဂမ်-ဒေါ်သန်းတင်]တို့၏သမီး၊ ဦးအောင်မြင့်(ဒု-အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်သန်းဦး-ဒေါ်မြရည်၊ ဦးအောင်ဇော်ဟိန်း-ဒေါ်ခိုင်ခိုင်ဦး၊ ဦးအောင်ဖြိုးသစ်-ဒေါ်ခင်သက်ထွန်း၊ ဦးအောင်ဇော်မိုးတို့၏မိခင်၊ ဦးတင်ပို-ဒေါ်ခင်စန်း၊ ဦးညဏ်သန်း-ဒေါ်ခင်ဝင်းရွှေ၊ ဦးမြင့်အောင်တို့၏အစ်မကြီး၊ မြေးနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၆-၂၀၁၄ရက် (စနေနေ့) နံနက် ဝ၀း၃ဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့၊ဗန်းမော်အသင်း(ရန်ကုန်)

ဦးအောင်မြင့်(ခ)ဖိုးထောင်

အသက်(၅၇)နှစ်

